# ကြေးမုံ
The Mirror

၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် ထူထောင်ခဲ့သည်။ Established in 1957

၁၃၇၄ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ တနင်္လာနေ့ (11-3-2013) (၇၄၂)


**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# လှည်းတန်းခုံးကျော်တံတားတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**ရန်ကုန် မတ် ၁၀**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးလှမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညနေ ၄ နာရီတွင် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ ခုံးကျော်တံတား စီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ လှည်းတန်းလမ်းဆုံခုံးကျော်တံတားစီမံကိန်းယာယီရှင်းလင်းဆောင်၌ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စက်ယန္တရားများ အသုံးပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဆောင်ရွက်ရေး၊ လှည်းတန်းခုံးကျော်တံတားအား မတ် ၃၁ ရက်နောက်ဆုံးထား ပြီးစီးရေးအတွက် နေ့ညမပြတ်ကြိုးစားလုပ်ဆောင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တံတားချဉ်းကပ်လမ်းလုပ်ငန်း၊ တံတားကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းနှင့် တံတားဘေးဝဲ၊ ယာလက်တန်းများ ဆောင်ရွက်ပြီးစီးမှုများကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

လှည်းတန်းခုံးကျော်တံတား တည်ဆောက်ပြီးစီးမှုမှာ ယနေ့အထိ ၉၅ ရာခိုင်နှုန်းရှိကြောင်းနှင့် မတ် ၃၁ ရက်မတိုင်မီပြီးစီးရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံ ခုံးကျော်တံတားစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



နိုင်ထွန်း(TGI)

# အင်းလေးကန် ရေလယ်ပိုလ်တဲထိန်းသိမ်းစောင့်ရှောက်စေချင်

**တောင်ကြီး မတ် ၁၀**

ညောင်ရွှေမြို့မှ ခြောက်မိုင်ခန့်အကွာ အင်းလေးကန်အတွင်း တည်ရှိသည့် အင်းလေးကန်ရေလယ် ဧည့်ရိပ်သာ ဒေသအခေါ် "အင်းလယ်ပိုလ်တဲအား လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်ခန့် ၁၈၈၀ ပြည့်လွန်နှစ်များက မိုင်းသောက်တွင် အင်္ဂလိပ်တပ်များ ရှေးဦးစွာအခြေပြုစခန်းချစဉ်ကာလအတွင်း အရာရှိများ အပန်းဖြေအနားယူရန် အတွက် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်၍ ဒေသခံများက "ပိုလ်တဲ" ဟုခေါ်ခဲ့ကြကြောင်းနှင့် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ကာလတွင် ရှမ်းပြည်နယ်အစိုးရနှင့် စော်ဘွားများရုံးက လည်းကောင်း၊ ၁၉၇၄ ခုနှစ်နောက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အသီးသီးတာဝန်ယူထိန်းသိမ်းစောင့်ရှောက်ခဲ့ပြီး အကြီးစားပြင်ဆင်မှုတစ်ကြိမ် ဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ တည်တံ့လျက်ရှိနေခြင်းဖြစ်သည်။

ရေလယ်ဧည့်ရိပ်သာသည် သဘာဝပတ်ဝန်းကျင် ရှုခင်းများဖြစ်သည့် အရှေ့ဘက်တောင်တန်းကြီးနှင့် နေထွက်ချိန်ရှုခင်း၊ ရေပြင်အတွင်းလှုပ်ရှားသွားလာနေသည့် စက်ရှိ၊ စက်မဲ့လှေများ၊ အင်းသားသဘာဝရိုးရာ ငါးရှာဖွေနေမှုများ၊ ညနေဆည်းဆာနှင့် အနောက်ဘက် တီကောင်တောင်တန်းအောက်သို့ နေမင်းကြီးငုပ်လျှိုးသွားပုံများအား ကြည့်ရှုခံစားနိုင်သကဲ့သို့ အင်းလေးဒေသသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားဧည့်သည်များ၊ သံတမန်များ၊ ရိုးရာလှေပြိုင်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေခြင်း၊ အင်းလေးဒေသအထိမ်းအမှတ်ပွဲများ ပြုလုပ်ရာနေရာတစ်ခုဖြစ်သည့်အပြင် အင်းအလယ်တွင် ရုတ်တရက်မိုးသက်လေပြင်းကျ၍ ရာသီဥတုမကောင်းပါက ခိုနားရာနေရာတစ်ခုအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်နေသည့် အဆောက်အအုံတစ်ခုလည်းဖြစ်သည်။

ယခုအခါရေလယ်ဧည့်ရိပ်သာမှာ ပြန်လည်မွမ်းမံ ပြင်ဆင်ထိန်းသိမ်းရန်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

**ယနေ့ သတင်းအညွှန်း**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သတိပြုစရာ
စာမျက်နှာ ➤ ၆

ဖျော်ဖြေပွဲများ ဆက်လက်ကျင်းပမည့် ဂျက်စတင်ဘီဘာ
စာမျက်နှာ ➤ ၁၂

ဝီဂန်အသင်း အက်ဖ်အေဖလား ဆီမီးဖိုင်နယ်တက်
စာမျက်နှာ ➤ ၁၃




**ကြေးမုံ စာတည်းရှုထောင့်** **၁၁-၃-၂၀၁၃၊ တနင်္လာနေ့**

# အလားအလာကောင်းများ

နိုင်ငံတော်သမ္မတကြီး ဦးဆောင်မှုဖြင့် အစိုးရအဖွဲ့၊ ပြည်သူ့လွှတ်တော်တို့၏ သမိုင်းဝင်အကောင်အထည်ဖော်မှုအပြောင်းအလဲများကို မကြာသေးခင်က သွားရောက်ခဲ့သည့် ဥရောပငါးနိုင်ငံခရီးစဉ်မှ နိုင်ငံ့ခေါင်းဆောင်များ၏ စိတ်ပါဝင်စားမှုများမှာ အားရဖွယ်ဖြစ်သည်။

အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ အခွင့်အရေးများ ကာကွယ်မြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ အီတလီနိုင်ငံက ကျယ်ပြန့်သော နယ်ပယ်များအတွင်း ပြုပြင်ပြောင်းလဲမှုများကို အစဉ်ထောက်ခံအားပေးသွားမည်ဟု ကတိကဝတ်ပြုခဲ့ပေသည်။

မြန်မာနိုင်ငံအနေဖြင့် တိုတောင်းလှသည့် ကာလအတွင်း မကြုံစဖူးထူးကဲလှသည့် လုပ်ဆောင်နိုင်ခဲ့မှုများအတွက် ကောင်းမွန်သော ရလဒ်ကောင်းများ ပေါ်ထွက်လာလိမ့်မည်ဟု အီတလီနိုင်ငံက ထုတ်ဖော်ပြောကြားသွားခဲ့သည်။ အီတလီနိုင်ငံသည် မြန်မာနိုင်ငံအပေါ် မှန်ကန်မျှတစွာ ထောက်ခံအားပေးခဲ့ခြင်း ဖြစ်သည်။

အကျိုးရလဒ်အားဖြင့် နှစ်နိုင်ငံ အပြန်အလှန်နားလည်မှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြင့်မားလာမည်ဖြစ်သည်။ ယဉ်ကျေးမှုအမွေအနှစ်၊ တက္ကသိုလ်နှင့်သုတေသန စသည့်နယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ဆောင်ရွက်လာနိုင်မည့် အခွင့်အလမ်းများရရှိခဲ့သည်။

စီးပွားရေးဆက်ဆံမှု တိုးမြှင့်ရေးကို အထောက်အကူဖြစ်စေမည့် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ခုလုံး၌ ထိတွေ့ဆက်ဆံမှု ပိုမိုတိုးမြှင့်ရန် သန္နိဋ္ဌာန်ချမှတ်နိုင်ခဲ့ခြင်းသည်လည်း ပြည်သူများအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးသည့် ဝန်းကျင်တစ်ရပ်ကို ဖန်တီးလိုက်နိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများအကြား ပြန်လည်ဆက်ဆံနိုင်ရေးအတွက် ကြီးမားသောအထောက်အကူ ဖြစ်ထွန်းစေခြင်းသည် မြန်မာနိုင်ငံတွင် ဖော်ဆောင်လျက်ရှိသည့် စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ထိရောက်စွာဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်များကြောင့် ဖြစ်သည်။

ကြွေးမြီရှင်းလင်းရေး၊ ပြင်ဆင်သတ်မှတ်ရေးနှင့် ပြန်လည်ပြင်ဆင်သတ်မှတ်ရေးတို့ကို အီတလီနိုင်ငံနှင့် သဘောတူညီချက်ရရှိခဲ့သဖြင့် နှစ်ဖက်သဘောတူညီပြီးဖြစ်သည့် လုပ်ငန်းစီမံချက်များအတွက် အတိုးနှုန်းသက်သာသော ချေးငွေများလက်ခံရရှိရေးအတွက် ထပ်မံလမ်းဖွင့်ပေးလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝစွမ်းအင်ကြွယ်ဝလှသဖြင့် အီတလီရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏ အတတ်ပညာနှင့် နည်းပညာကျွမ်းကျင်မှုတို့ကို အသုံးပြုကာ စွမ်းအင်ဆိုင်ရာ အလားအလာကောင်းများကို ဖော်ထုတ်နိုင်တော့မည့် အခွင့်အလမ်းကောင်း ပေါ်ပေါက်တော့မည်ဟု ရှုမြင်ထားသည်။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများကြွယ်ဝသည့် နိုင်ငံဖြစ်၍ အီတလီနိုင်ငံဘက်မှ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ရည်ရွယ်ထားကြောင်း သိရှိရ၍ မြန်မာနိုင်ငံယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ဝင်လာပြီး ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီး၏ ခရီးစဉ်အကျိုးဆက်ကြောင့် မြန်မာနိုင်ငံအတွက် ထိုသို့အကျိုးများသော ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများ၊ ပြည်တွင်းဈေးကွက်အခွင့်အလမ်းများ၊ သဘာဝအရင်းအမြစ်ကောင်းများနှင့် ဒေသတွင်း ကုန်သွယ်မှုအနေအထားကောင်းများကြောင့် ဖြစ်သကဲ့သို့ ထိုအခြေခံကောင်းများကို အကြောင်းပြု၍ ထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုများဖြင့် ခိုင်မာစွာ သက်သေထူပြနိုင်သောကြောင့် ဖြစ်ပါသည်။ ။

## ခုံးကျော်တံတားတည်ဆောက်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁၀**

မရမ်းကုန်းမြို့နယ်ရှိ ဘုရင့်နောင်လမ်း ခုံးကျော်တံတားနှစ်စင်းတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယမန်နေ့ နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အောင်သိဒ္ဓိလမ်းရှိ အောင်သိဒ္ဓိချောင်းရေနုတ်မြောင်း၌ အမှိုက်သရိုက်နှင့် နုန်းမြေများဆယ်ယူရှင်းလင်းနေမှု၊ ကမာရွတ်မြို့နယ် အင်းလျားလမ်း၌ ယာဉ်သွားလာမှု လွယ်ကူချောမွေ့ရေးအတွက် လမ်းသားတိုးချဲ့နေမှုနှင့် ကမာရွတ်မြို့နယ်ရှိ လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ လှည်းတန်းခုံးကျော်တံတားတည်ဆောက်ရေးသည် ၉၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးသည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်) ရှေ့၌ ယာဉ်ရပ်နားရန်နေရာ ပြုလုပ်နေမှုနှင့် ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကြက်သွန်ဖြူဈေးကွက်

**ရန်ကုန် မတ် ၁၀**

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် ရွှေ့လျားစစ်ဆေးမှုများ ပြုလုပ်နေသည်မှာ ပညာပေးကာလအပါအဝင် သုံးလကျော်ကြာမြင့်လာသော်လည်း ယခုအပတ်တွင် ယင်းစစ်ဆေးမှုကြောင့် ပြည်ပမှတင်သွင်းလာသော ကြက်သွန်ဖြူများဈေးမြင့်တင်ရောင်းချရသည်ဆိုသော သတင်းနှင့်အတူ မတ် ၈ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဈေးတက်လာကြောင်း ကြက်သွန်ဖြူဈေးကွက်မှ သိရသည်။

မတ်လ ဒုတိယအပတ်တွင် ပြည်ပမှ တင်သွင်းသော ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်း မြင့်တက်လာရာ မတ် ၈ ရက်တွင် တစ်ပိဿာ ကျပ် ၂၃၀၀ နှုန်း ဝယ်ယူနေရကြောင်း၊ ရွှေ့လျားစစ်ဆေးမှု လုပ်ဆောင်နေသည်မှာ လနှင့်ချီနေပြီဖြစ်သော်လည်း ကြူကုတ်ကြက်သွန်ဖြူဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းမရှိကြောင်း နေ့စဉ် ကုန်စည်ဒိုင်ဈေးနှုန်းစာရင်းများအရ သိရသည်။

ယခုနှစ် မတ် ၈ ရက်တွင် ရှမ်းကြက်သွန်ဖြူအဟောင်း တစ်ပိဿာကျပ် ၄၀၀-၅၀၀ -၁၀၅၀-၁၉၅၀ နှုန်းရှိပြီး ရှမ်းကြက်သွန်ဖြူ အသစ်များလည်း ဈေးကွက်သို့ စတင်ဝင်ရောက်စပြုလာရာ အသစ်၊ အဟောင်း ဈေးနှုန်းကွာဟမှု နည်းကြောင်း၊ ကုန်စည်ဈေးကွက်တွင် ကုန်စည်ဈေးနှုန်း အပြောင်းအလဲဖြစ်တိုင်း ဝယ်ယူသူများအနေဖြင့် သဘာဝကျသော ဈေးနှုန်းပြောင်းလဲမှု ဟုတ်၊ မဟုတ် ချင့်ချိန်ဝေခွဲပြီးမှ ကုန်ပစ္စည်းများ ဝယ်ယူနေရကြောင်း၊ လှိုင်းစီးနေသော ဈေးနှုန်းဖြစ်နေလျှင် ဈေးနှုန်းအမြင့်ဖြင့် ဝယ်ယူမိသူများ အရှုံးနှင့် ရင်ဆိုင်ရလေ့ရှိသည်ဟု အဝယ်တော်တစ်ဦးက ဆိုသည်။

**မောင်စေအောင်**



## လွတ်လပ်ရေးမော်ကွန်းဝင်ကြီးများဘဝ

မတ်လကိုရောက်ပြီဆိုရင် မော်ကွန်းဝင်ကြီးများကို သတိရလွမ်းဆွတ်မိပါတယ်။ မတ်လ ၂၇ ရက်နေ့ဟာ ဟိုတုန်းက တော်လှန်ရေးနေ့လို့ခေါ်ခဲ့ပေမယ့် ယခုတော့ တပ်မတော်နေ့လို့ အမည်ပြောင်းလဲခေါ်ပါတယ်။ ယခုလိုတပ်မတော်နေ့ နီးလာပြီဆိုရင် သတင်းစာတွေထဲမှာ တပ်မတော်နေ့အခမ်းအနားကို တက်ရောက်ရန် မော်ကွန်းဝင်ကြီးများကို အမြဲတမ်း ဖိတ်ခေါ်ပါတယ်။ မော်ကွန်းဝင်ကြီးများကလည်း အခမ်းအနားကို တက်ရောက်ရန် စိတ်ပါဝင်စားစွာဖြင့် အခမ်းအနားတက်ရောက်ရန် သက်ဆိုင်ရာသို့ စာဖြင့်အကြောင်းကြားစာတွေ ပို့ကြပါတယ်။ စုဆောင်းထားတဲ့ငွေကလေးနဲ့ မရောက်ရောက်အောင် တပ်မတော်နေ့ အခမ်းအနားကို တပျော်တပါးလာကြတာကိုတွေ့ရတော့ စိတ်ချမ်းသာစရာ၊ ဝမ်းမြောက်စရာ၊ ဂုဏ်ယူစရာကောင်းလှပါတယ်။ မသေလို့ ကျန်နေတဲ့မော်ကွန်းဝင်ကြီးများရဲ့ဘဝစိတ်ထဲမှာ ဘယ်လောက် ကြည်နူးစရာကောင်းပါသလဲ။ အဲဒီအခမ်းအနားကိုတက်ရောက်ပြီးနောက် တစုတဝေးတည်း ကန်တော်ကြီးက ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်ကို အလေးပြုကြပါတယ်။ အချို့မော်ကွန်းဝင်ကြီးများဆိုရင် စိတ်မထိန်းနိုင်ဘဲ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျဆုံးသွားတဲ့ လုပ်ဖော်ကိုင်ဖက်များကို သတိရမျက်ရည်ကျကြပါတယ်။ ဒီမြင်ကွင်းကို တွေ့ရတာ စိတ်မကောင်းစရာပါ။

အဲဒီကတစ်ဆင့် ကန်တော်ကြီးပန်းခြံကို ပြန်လည်ထွက်ခွာပြီး တွေ့ဆုံကြပါတယ်။ မြို့ခံရဲဘော်ကြီးတွေက ထမင်းချိုင့်တွေ၊ စားသောက်ဖွယ်ရာတွေ ယူဆောင်လာကြပါတယ်။ တတ်နိုင်တဲ့သူတွေကတော့ စတုဒိသာအစားအသောက်တွေနဲ့ ဧည့်ခံခဲ့ကြပါတယ်။ စားသောက်ပြောဆိုပြီးမှ လူစုခွဲကြပါတယ်။ ပျော်စရာကောင်းတဲ့ မော်ကွန်းဝင်ကြီးများ တွေ့ဆုံတိုင်း ဝန်ကြီးချုပ်ဦးစိန်ဝင်းလည်း နှစ်တိုင်းလာရောက်အားပေးပါတယ်။ အခုတော့ တော်လှန်ရေးနေ့(ဝါ) တပ်မတော်နေ့မှာ လွတ်လပ်ရေးမော်ကွန်းဝင်ဆိုတာ အပယ်ခံဘဝကို ရောက်ကာ မေ့ပျောက်ခဲ့ပြီပေါ့။ ဝမ်းနည်းစရာပါ။

**မော်ကွန်းအို**

## နိုက်ထရိုဂျင်အရည် အခမဲ့ထုတ်ယူနိုင်ကြောင်း အသိပေးကြေညာ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေး (Food Security) နှင့် ပြည်သူအများ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးရန် အသား၊ ငါးနှင့် ဥများ ပိုမိုထုတ်လုပ်၍ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါသည်။ အသား၊ ငါးမျိုးမြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် မျိုးပွားရာတွင် မျိုးရည်ခဲချောင်းများ ရေရှည်ထိန်းသိမ်းသိုလှောင်နိုင်သည့် နိုက်ထရိုဂျင်အရည်အား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတွင် မည်သည့်အသား/ငါး မျိုးပွားရန်အတွက်ဖြစ်ကြောင်း ဖော်ပြ၍ မည်သူမဆို အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**









# မြန်မာနှင့်ဂျပန်နိုင်ငံအကြား နည်းပညာကဏ္ဍတိုးမြှင့်နိုင်ရေးကြိုးပမ်း

**နေပြည်တော် မတ် ၁၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဦးဆောင်သည့် အဖွဲ့ဝင်သုံးဦးပါ ကိုယ်စားလှယ်အဖွဲ့သည် မတ် ၄ ရက်မှ ၇ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး မတ် ၄ ရက်တွင် ဂျပန်နိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Hakubun SHIMOMURA နှင့် အဆိုပါဝန်ကြီးဌာန၌ တွေ့ဆုံ၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ တက္ကသိုလ် အဆင့်ပညာရေးနှင့် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။**(အပေါ်ယာပုံ)**



ပြည်ထောင်စုဝန်ကြီးသည် တိုကျိုမြို့ Kasumi gaseki Building ၌ Chiba University၊ Niigata University၊ Kanazawa University၊ Okayama University၊ Nagasaki University နှင့် Kumamoto University တို့မှ ပါမောက္ခချုပ်များနှင့် တွေ့ဆုံ၍ ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ်တို့အား အဆင့်မြှင့်တင်နိုင်ရေး အတွက် သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ သင်ကြားရေးနှင့် သုတေသနသုံးပစ္စည်းများ ကူညီပံ့ပိုးပေးရေး၊ သင်တန်းသားများ လက်ခံသင်ကြားပေးရေး၊ ဂျပန်နိုင်ငံမှ ပါမောက္ခများ လာရောက်သင်ကြားပေးရေး၊ နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများ ပြုစုရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ဂျပန်နိုင်ငံ အမျိုးသားသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသိပ္ပံနှင့် Chiba University တို့တွင် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ Research and Development Centre of Terumo Medical Equipment Company မှ ဆောင်ရွက်လျက်ရှိသည့် Medical Equipment များ အသုံးပြုမှုသင်တန်းများနှင့် J-Power Company မှ ဆောင်ရွက်လျက်ရှိသော အဆင့်မြင့်နည်းပညာအခြေခံ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးများကျင်းပ

**နေပြည်တော် မတ် ၁၀**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၇ ရက် နံနက်၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၁)ခု တင်သွင်းခြင်းနှင့် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ကြေညာခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မတ် ၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများအား သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၁)ခုအား မှတ်တမ်းတင်ကြောင်းနှင့် အဆို(၁)ခုအား အတည်ပြုကြောင်း ကြေညာခြင်း၊ ဥပဒေကြမ်း(၂)ခုအား တင်သွင်းခြင်း၊ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့်ရက် သတ်မှတ်ကြေညာခြင်း၊ ဥပဒေကြမ်း(၂)ခုအား လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အစီရင်ခံစာတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး အစည်းအဝေးကို ညနေ ၅ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် ရှေးဦးမီးငြိမ်းသတ်နည်း သရုပ်ပြပွဲပြုလုပ်

**ကျိုက်ထို မတ် ၁၀**

မွန်/ကရင်ပြည်နယ် သစ်ထုတ်လုပ်ရေးဒေသအတွင်းရှိသစ်ထုတ်လုပ်ရေး စခန်းများ မီးဘေးလုံခြုံရေးအတွက် မီးဘေးကာကွယ်ရေး ပညာပေး ဟောပြောပွဲနှင့် ရှေးဦးမီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို မတ် ၉ ရက် နံနက် ၉ နာရီတွင် ကျိုက်ထိုမြို့နယ် အဂ်ဘိုသစ်ဆိပ်၌ ပြုလုပ်သည်။

မီးဘေးကာကွယ်ရေး ပညာပေး သရုပ်ပြပွဲကို မြန်မာ့သစ်ထုတ်လုပ်ရေး လုပ်ငန်းမှ ဘားအံသစ်ထုတ်လုပ်ရေး မန်နေဂျာ ဦးမြင့်ဆွေ (၃)၊ မော်လမြိုင် သစ်ထုတ်လုပ်ရေး မန်နေဂျာ ဦးစိုးနိုင် (၃)နှင့် ကျိုက်ထိုမြို့နယ်မီးသတ် ဦးစီးမှူး ဦးတင်ထွေးတို့က ကြီးကြပ်၍ သစ်ထုတ်လုပ်ရေး လက်ထောက် မန်နေဂျာများ၊ သစ်အုပ်ကြီး၊ သစ်အုပ်နှင့် သစ်တောဝန်ထမ်းများ၊ ဦးရဲထွန်း သစ်ထုတ်လုပ်ရေးကုမ္ပဏီ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။

မီးဘေးကာကွယ်ရေး ပညာပေး သရုပ်ပြပွဲတွင် မြို့နယ်မီးသတ် ဦးစီးမှူးနှင့် တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် သစ်ထုတ်လုပ်ရေး ဝန်ထမ်းများက မီးသတ်ဆေးဘူး အသုံးပြု၍ ရှေးဦးမီးငြိမ်းသတ်ခြင်း သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)** (လင်းလင်း)



## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၁-၃-၂၀၁၃ (တနင်္လာနေ့)**

| | | | |
|---|---|---|---|
| ၇း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် | | ဇာတ်လမ်းတို "ရွှေရောင်လွှမ်းသော အနာဂတ်ဆီသို့" (ဘုဏ်းသိုက်၊ ထွန်းကိုကို၊ နန်းဆုရတီစိုး) (ဒါရိုက်တာ - ဂျိုး) |
| ၇း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ | | |
| ၇း၃၀ | နံနက်ခင်းသတင်း | | |
| ၈း၄၀ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော် | ၈း၀၀ | ပြည်တွင်းသတင်း<br>-ပြည်သူတို့ရဲ့စကားသံများ<br>-နိုင်ငံတကာသတင်းများ<br>-မိုးလေဝသအခြေအနေ |
| ၄း၃၀ | ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ပထဝီဝင်ဘာသာရပ်) | | -"ရယ်စရာတစ်ကွက်စာ" (Mr-Bean ကာတွန်းအစီအစဉ်)<br>-"တက္ကသိုလ်ဝင် စာမေးပွဲကို ဘယ်လိုဖြေမလဲ" |
| ၆း၂၀ | SEA Games လှုံ့ဆော်ရေး | | |

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**



# သမ္မတ ဟူဂိုချာဗက်ဇ် ကွယ်လွန်ပြီးနောက် သမ္မတသစ်ရွေးကောက်တင်မြှောက်ပွဲရက် ထုတ်ပြန်

**ကာရာကာ့စ် မတ် ၁၀**

ကွယ်လွန်သူ ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ သမ္မတရာထူးနေရာအတွက် သမ္မတသစ် အစားထိုးရွေးချယ်တင်မြှောက်ရန်အတွက် ဧပြီ ၁၄ ရက်တွင် သမ္မတရွေးချယ်တင်မြှောက်ပွဲကျင်းပမည်ဖြစ်ကြောင်း ဗင်နီဇွဲလားရွေးကောက်ပွဲကော်မရှင်က မတ် ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ဟူဂိုချာဗက်ဇ်က ၎င်း၏ရာထူးနေရာအတွက် ဆက်ခံသူအဖြစ် ရွေးချယ်ခဲ့သော ဒုတိယသမ္မတ နီကိုလပ်စ်မာဒူရိုအား ယာယီသမ္မတအဖြစ် ခန့်အပ်ခဲ့ပြီးနောက်တွင် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ကင်ဆာရောဂါဝေဒနာကို ကာလကြာရှည်စွာ ခံစားခဲ့ပြီးနောက် မတ် ၅ ရက်တွင် ကွယ်လွန်ခဲ့သည်။ မစ္စတာမာဒူရိုသည် အာဏာရပါတီ၏ သမ္မတလောင်းအဖြစ် အတိုက်အခံပါတီခေါင်းဆောင် ဟင်နရီကွစ်ကာ့ပရီယီးစ်နှင့် ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

ဟူဂိုချာဗက်ဇ်သည် ဗင်နီဇွဲလားနိုင်ငံကို ၁၄ နှစ်ကြာ ဦးဆောင်ခဲ့ပြီး ယမန်နှစ် အောက်တိုဘာလအတွင်းက ကျင်းပသော သမ္မတရွေးချယ်ပွဲတွင် ၎င်း၏ပြိုင်ဘက်ကို ထောက်ခံမဲ ၅၄ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ဘက်ဖြစ်သူမှာ ထောက်ခံမဲ ၄၄ ရာခိုင်နှုန်းသာရရှိခဲ့သည်။

အသက်(၅၀)အရွယ်ရှိ မာဒူရိုသည် ယခင်သမ္မတဟောင်း၏ လက်ဝဲမူဝါဒများကို ဆက်လက်စွဲကိုင်သွားမည်ဟု ကတိပြုခဲ့သည်။ **အေပီ။**



မတ် ၉ ရက်က ကာရာကာ့စ်မြို့ရှိ စစ်တက္ကသိုလ်၌ ကျင်းပသော ဟူဂိုချာဗက်ဇ်၏ ဈာပနအခမ်းအနားကို တွေ့ရစဉ်။



# ကွာလာလမ်ပူတွင် နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပန်းချီပြပွဲ ခင်းကျင်းပြသ

**ကွာလာလမ်ပူ မတ် ၁၀**

နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ကွာလာလမ်ပူမြို့ မလေးရှားပန်းချီပြခန်းမှ ဦးစီးကျင်းပသော MY DAY (ကျွန်ုပ်၏နေ့)အမည်ရှိ ပန်းချီပြပွဲတစ်ရပ်ကို ခင်းကျင်းပြသလျက်ရှိသည်။ **(အောက်ပုံ)**

ယင်းပန်းချီပြပွဲတွင် အီရန်ပန်းချီဆရာမ ခြောက်ဦးတို့၏ပန်းချီကားများ ပါဝင်ပြသလျက်ရှိပြီး နယ်သာလန်၊ ထိုင်ဝမ်၊ တောင်အာဖရိက၊ တရုတ်၊ ဒိန်းမတ်၊ အီရန်နှင့် အီရတ်နိုင်ငံတို့မှ ပန်းချီဆရာမ ၄၆ဦးတို့၏ လက်ရာပန်းချီကားများ ပါဝင်သည်။

နိုင်ငံတကာအမျိုးသမီးများနေ့၏ မူရင်းအခေါ်အဝေါ်မှာ နိုင်ငံတကာ အမျိုးသမီးလုပ်သားများနေ့ဖြစ်ပြီး နှစ်စဉ် မတ် ၈ ရက်နေ့တွင် အထိမ်းအမှတ်အခမ်းအနားကျင်းပမြဲဖြစ်သည်။

ယင်းပန်းချီပြပွဲကို မတ် ၇ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မတ် ၁၀ရက်တွင် ကျင်းပပြီးစီးခဲ့သည်။ **ပရက်စ်တီဗွီ။**

# ရှန်ဟိုင်းမြို့အနီး မြစ်တစ်စင်းအတွင်း ဝက်သေကောင်ရေ ၉၀၀ ကျော်မျောပါ

**ရှန်ဟိုင်း မတ် ၁၀**

တရုတ်နိုင်ငံ၏ အရှေ့ပိုင်း ရှန်ဟိုင်းမြို့အနီးရှိ မြစ်တစ်စင်းတွင် မျောပါလာသော ဝက်သေကောင်ရေ ၉၀၀ ကျော် တွေ့ရှိပြီးနောက်တွင် စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင် ပြုလုပ်နေကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းဝက်အသေများကို ဟွမ်ပူမြစ်အတွင်းသို့ အမှိုက်သရိုက်များကဲ့သို့ စွန့်ပစ်ခြင်း သို့မဟုတ် မည်သည့်တိရစ္ဆာန်ကူးစက်ရောဂါဖြင့် သေဆုံးခဲ့ခြင်းဟူသည့် သက်သေအထောက်အထားများကို ရှာဖွေတွေ့ရှိခြင်း မရှိသေးဟုလည်း သတင်းတွင်ဖော်ပြသည်။

ယင်းဖြစ်စဉ်ကြောင့် ဟွမ်ပူမြစ်၏ ရေအရည်အသွေးကို စောင့်ကြည့်မှတ်တမ်းတင်လျက်ရှိသည်။

**ကြိုးပမ်းနေ**

မတ် ၈ ရက်တွင် အဆိုပါမြစ်အတွင်း၌ ဝက်အသေကောင်များကို တွေ့ရပြီးနောက်ပိုင်းတွင် တရုတ်အာဏာပိုင်များက ယင်းတို့မည်သည့်နေရာက မျောပါလာသည်ကို ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေကြသည်။

ရှန်ဟိုင်းမြို့နေလူထုသည် ဟွမ်ပူမြစ်ရေကို သောက်သုံးရေအရင်းအမြစ်အဖြစ် အသုံးပြုနေကြောင်း ချိုင်းနားဒေလီသတင်းစာဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ။**

# မြောက်ဝါဇီရစ္စတန်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရ၊ နှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် မတ် ၁၀**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မျိုးနွယ်စုများနေထိုင်ရာ မြောက်ဝါဇီရစ္စတန်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရသဖြင့် လူနှစ်ဦးသေဆုံးကြောင်း မတ် ၁၀ရက်သတင်းတွင် ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံတွင် ၂၀၀၄ ခုနှစ်ကတည်းက အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုအကြိမ် ၃၆၀ ကျော် ပြုလုပ်ခဲ့ရာ လူ ၃၅၀၀ နီးပါး သေဆုံးခဲ့ကြောင်း လန်ဒန်အခြေစိုက် သတင်းစာပညာ သုတေသနဗျူရို၏ ဖေဖော်ဝါရီလ အစီရင်ခံစာတွင် ဖော်ပြသည်။ မတ် ၁၀ရက်က မြောက်ဝါဇီရစ္စတန် တက်ဇ်ဆဲလ်ဘိုရာ ဒေသ မူဟာမ်မက်ဒ်ခီးလ်ကျေးရွာရှိ နေအိမ်တစ်လုံးအား ဒုံးကျည်နှစ်စင်းထိမှန်ရာ လူနှစ်ဦးသေဆုံးခဲ့သည်။

ပါကစ္စတန်နိုင်ငံ မျိုးနွယ်စုများ နေထိုင်ရာဒေသသို့ အမေရိကန် မောင်းသူမဲ့လေယာဉ်များက မကြာခဏ တိုက်ခိုက်လေ့ရှိပြီး စစ်သွေးကြွများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**



# အီရတ်တွင် အကြမ်းဖက်မှုဖြစ်ပွား၊ သုံးဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၁၀**

မတ် ၉ရက်က အီရတ်နိုင်ငံ အရှေ့ပိုင်းနှင့် အလယ်ပိုင်းတွင် သီးခြားတိုက်ခိုက်မှုများဖြစ်ပွားရာ လူသုံးဦးသေဆုံး၍ ခုနစ်ဦးဒဏ်ရာရရှိကြောင်း မတ် ၁၀ ရက်သတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် အရှေ့တောင်ဘက်မှ ကီလိုမီတာ ၃၀ ခန့်ကွာဝေးသော ဒေသခံများနေထိုင်ရာ အယ်လ်-မာဒိန်းမြို့တွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ လူနှစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိသည်။အီရတ်နိုင်ငံ အရှေ့ပိုင်းရှိ ဒီယာလာပြည်နယ်တွင် လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိသည်။ ယင်းနေရာသည် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်မှ ၆၅ ကီလိုမီတာကွာဝေးသော ပြည်နယ်မြို့တော် ဘာကျူဘာတွင်ဖြစ်သည်။ သီးခြားဗုံးပေါက်ကွဲမှုတွင် ဘာကျူဘာမြို့အနီးရှိ ကျေးရွာတစ်ရွာ၌ လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲရာ လူနှစ်ဦးဒဏ်ရာရရှိသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

ထိုစဉ်အတွင်း ဘဂ္ဂဒက်မြို့အနောက်ဘက်မှ ကီလို မီတာ ၅၀ ကွာဝေးသော ဖလူဂျာမြို့တွင် အယ်လ်ခိုင်ဒါအဆက်အနွယ်ဟု သံသယရှိသူတစ်ဦးအား အီရတ်လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးရမိသည်ဟု သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**









# စက်မှုဇုန်များမှ ရေဆိုးများ စည်းကမ်းမဲ့စွန့်ပစ် ဒုဌဝတီမြစ်အနံ့ဆိုးနှင့် ရေထုညစ်ညမ်းမှုဖြစ်ပေါ်

**မန္တလေး မတ် ၁၀**

မန္တလေးစက်မှုဇုန်များနှင့် ပတ်ဝန်းကျင်စက်ရုံများမှ ရေဆိုးများစည်းကမ်းမဲ့ စွန့်ပစ်မှုကြောင့် အမရပူရမြို့နယ် တောင်အင်းမြောက်အင်းဒေသနှင့် ဒုဌဝတီမြစ်တို့တွင် အနံ့ဆိုးများနှင့် ပတ်ဝန်းကျင်ရေထု၊ လေထု၊ မြေထု ညစ်ညမ်းမှုများဖြစ်ပေါ်ပြီး ဂေဟစနစ်များထိခိုက်လျက်ရှိသည်။ မန္တလေးစက်မှုဇုန်အတွင်း ရေဆိုးစွန့်ပစ်သော အရက်ချက်စက်ရုံ၊ သားရေစက်ရုံ၊ ဆပ်ပြာစက်ရုံ (၉၀)ခန့် လုပ်ငန်းလည်ပတ်လျက်ရှိပြီး စွန့်ပစ်ရေဆိုးများအား စက်ရုံအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး အမရပူရမြို့နယ် တောင်အင်းမြောက်အင်းအနီး လက်တံမြောင်းများမှ တောင်အင်း မြောက်အင်းသို့ ဝင်ရောက်ကာ အနည်ထိုင်စေပြီး တာပေါက်ချောင်းမှတစ်ဆင့် ဒုဌဝတီမြစ်အတွင်းသို့ စွန့်ထုတ်သည်။

စက်မှုဇုန်များရှိ အရက်ချက်စက်ရုံများမှ စွန့်ပစ်ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကြောင့် အမရပူရမြို့နယ် တောင်အင်းမြောက်အင်းအနီး ချောင်းရိုးတစ်လျှောက်ရှိ မင်းရွာ၊ အင်းကုန်း၊ ညောင်ပင်နီ၊ ညောင်ပင်စောင့်၊ ဝဲကြီးဆင်ရွာ၊ တလင်းကြီး၊ စာတိုမြို့ပြင်ကြီးကျေးရွာများမှ ဒေသခံရွာသူရွာသားများ၊ ကျောင်းသားကျောင်းသူများ သောက်ရေသုံးရေညစ်ညမ်းမှုများနှင့် အနံ့ဆိုးများ နေ့စဉ် ခံစားနေရသည်။

"ရေထုညစ်ညမ်းမှုနဲ့ အနံ့ဆိုးများကို ခံစားနေရတာ ရှစ်နှစ်လောက်ရှိပြီ၊ ဒုဌဝတီမြစ်ရေနည်းသွားပြီဆိုရင် ငါးတွေသေတယ်၊ ချောင်းထဲမှာလည်း ငါးအသေတွေ ရေပေါ် ပေါ်လာတာပဲ၊ ချောင်းနားနီးတဲ့ နေအိမ်တွေ အနံ့ဆိုး ပိုမိုခံရတယ်၊ ညပိုင်းဆို လေလှိုင်းသင့်ရင် မခံနိုင်လို့ အိမ်တံခါးတွေ ပိတ်ထားရတယ်"ဟု အင်းကုန်းရွာမှ ဦးကံညွန့်က ပြောသည်။ ထို့အပြင် ဒေသခံတောင်သူလယ်သမားများ၏ ကျွဲနွားများသည်လည်း စက်မှုဇုန်များမှ စွန့်ပစ်ချောင်း



ရေဆိုးများကို သောက်သုံးမှုကြောင့် သေဆုံးမှုများလည်းရှိခဲ့ကြောင်း ယင်းကျေးရွာများမှ တောင်သူလယ်သမားများက ပြောသည်။ စက်မှုဇုန်များမှ ရေဆိုးများ စွန့်ထုတ်စဉ်က ချောင်းရိုးတစ်လျှောက် ကျေးရွာများနှင့် ဒုဌဝတီမြစ်ဘေး စာတိုမြို့ပြင်ကြီးကျေးရွာများသည် ချောင်းရေ၊ မြစ်ရေများကို သောက်သုံးရေ၊ သီးနှံစိုက်ပျိုးမြေအဖြစ် အသုံးပြုခဲ့ပြီး သန့်ရှင်းခဲ့ကြောင်း ရွာသူရွာသားများက ပြောသည်။

မန္တလေးမြို့တော်ဝန်းကျင်သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုလျော့ကျစေရေးအတွက် စက်မှုဇုန်များမှ ရေဆိုးစွန့်ထုတ်ရာတွင် စက်ရုံ၏အစီအစဉ်ဖြင့် ပြုလုပ်ကာ သန့်စင်စွန့်ထုတ်သည့်စနစ်ကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လိုက်နာမှုမရှိပါက အရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁ ရက်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတာဝန်ရှိသူများနှင့် စက်မှုလုပ်ငန်းရှင်များတွေ့ဆုံပြီး စနစ်တကျရေဆိုးစွန့်ပစ်ရေး သဘောတူအတည်ပြုခဲ့ကြောင်း သိရသည်။ **သီဟကိုကို (မန္တလေး)**

# ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး လမ်းပိုင်းအလိုက် ကတ္တရာများ ခင်းကျင်းနေ

**နေပြည်တော် မတ် ၁၀**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် လမ်းပိုင်းတစ်ခုချင်းစီအလိုက် ကတ္တရာများ ခင်းကျင်းဆောင်ရွက်နေကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ အမြန်လမ်းမကြီးတစ်လျှောက် လမ်းပိုင်းများအလိုက် ကတ္တရာခင်းကျင်းမှုများအား လမ်းမြေနိမ့်သည့်နေရာ၊ အကွေ့များသည့်နေရာများနှင့် အန္တရာယ်များသည့်နေရာများတွင် အဓိကထား ခင်းကျင်းနေခြင်း ဖြစ်သည်။

"အမြန်လမ်းမကြီးတစ်လျှောက် ဖြစ်ပွားခဲ့တဲ့ မတော်တဆမှုတွေကို ကြည့်ရင် အကွေ့များတဲ့နေရာနဲ့ မြေသားပျော့တဲ့နေရာမှာ ဖြစ်ပွားမှုများတာကို တွေ့ရပါတယ်။ ဒီအတွက် အမြန်လမ်းမကြီးတစ်လျှောက် မတော်တဆဖြစ်ပွားမှု နည်းစေရေးနဲ့ အန္တရာယ် ကင်းရှင်းစေဖို့အတွက် လမ်းအင်္ဂါရပ်နဲ့အညီ ပြုပြင်မှုတွေ ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်-မန္တလေး အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦး ပြောကြားခဲ့သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအား ၂၀၀၉ ခုနှစ် မတ်လတွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဂိတ်များတွင် နေ့စဉ်ဖြတ်သန်းသွားသည့် ယာဉ်အရေအတွက်မှာ ပျမ်းမျှ အစီးရေ တစ်သောင်းခန့်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စစ်တမ်းအရ သိရသည်။ **(၀၀၁)**

**ဗလငါးတန်**
**ပွဲပြီးဖို့**
**စာအုပ်စာပေ လေ့လာစို့**

# ပခုက္ကူမြို့ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် သတင်းမီဒီယာတို့ ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံပွဲပြုလုပ်

**ပခုက္ကူ မတ် ၁၀**

ပွင့်လင်းမြင်သာသော ယနေ့ခေတ်တွင် ဌာနဆိုင်ရာများနှင့် မီဒီယာများ ရင်းနှီးနွေးထွေးစွာ ဆုံတွေ့မှုများ ရှိလာပါသည်။ သက်ဆိုင်ရာဌာနများမှလည်း မီဒီယာများကို တလေးတစားကြိုဆိုဖော်ရွေမှုများဖြင့် သတင်းထုတ်ပြန်မှုများလည်း ရှိလာပါသည်။ မတ် ၅ ရက် ညနေပိုင်းတွင် ပခုက္ကူမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်အောင်နိုင်မိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များသည် ပခုက္ကူမြို့ ဌာနေသတင်းမီဒီယာများနှင့် ရင်းနှီးပွင့်လင်းစွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ "ကျွန်တော်တို့ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မကွေးတိုင်းဒေသကြီး ဥက္ကဌ ဒေါက်တာသက်လွင်ရဲ့ သပြေညိုခြံမှာ ပြုလုပ်တာပါ၊ မီဒီယာသမားတွေ စုံစုံညီညီ တက်ရောက်ကြပါတယ်၊ ယာဉ်ထိန်းတပ်ဖွဲ့မှူးနဲ့လည်း ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြပါတယ်၊ ပခုက္ကူမြို့မှ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအခြေအနေများကို အဓိကထားဆွေးနွေးကြပါတယ်"ဟု ပခုက္ကူမြို့မှ သတင်းစာဆရာတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံယာဉ်ထိန်းတပ်ဖွဲ့ (ပခုက္ကူ)နှင့် ပခုက္ကူမီဒီယာသမားများသည် ပခုက္ကူတက္ကသိုလ်အနီး သပြေညိုခြံတွင် ညနေ ၆ နာရီတွင် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံခဲ့ပြီး ည ၉ နာရီတွင် တွေ့ဆုံမိတ်ဆက်အခမ်းအနား အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။ **နေဦးမောင် (ပခုက္ကူ)**

# 4G စနစ်စမ်းသုံးလာပါက မိုဘိုင်းဖုန်းများ အင်တာနက်ပိုမိုသုံးစွဲနိုင်ရန်ရှိ

**မုံရွာ မတ် ၁၀**

ယခုနှစ်အတွင်း ပြည်တွင်း မိုဘိုင်းဖုန်းများကို 4G စနစ်ဖြင့် စတင်စမ်းသပ်အသုံးပြုဖွယ်ရှိရာ 4G စနစ်စမ်းသုံးလာပါက အင်တာနက်ပိုမိုသုံးစွဲနိုင်ရန် ရှိလာမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ 4Gစနစ်ဖြင့် အသုံးပြုခြင်းကို လာမည့် ၂၀၁၃ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် စတင်စမ်းသပ်သုံးစွဲသွားမည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

မိုဘိုင်းဖုန်း 4G စနစ်အသုံးပြုနိုင်ခြင်းနှင့်ပတ်သက်ပြီး ပြည်တွင်းအိုင်တီအသုံးပြုသူတစ်ဦးက လက်ရှိသုံးနေရာတွင် 3Gမှာ အမြင့်ဆုံးဖြစ်ကြောင်း၊ နိုင်ငံတကာမှာလည်း 3Gကိုတွင်ကျယ်စွာ အသုံးပြုကြကြောင်း၊ 4Gမှာ လက်ရှိအချိန်တွင် အသုံးနည်းသေးပြီး 4G သုံးမည်ဆိုလျှင် Network Speedက ပိုကောင်းမည်ဟုထင်ကြောင်း၊ သွားသည့် MHz လည်း မြင့်လာကြောင်း၊ လက်ရှိတွင် ဟန်းဆက်မှာ ရှားနေဦးမည်ဖြစ်ကြောင်း၊ မော်ဒယ်မြင့် ဟန်းဆက်များသာသုံး၍ရမည်ဖြစ်ပြီး ကမ္ဘာတွင် 4G စနစ်ကို သုံးသည်မှာ မများသေးကြောင်း သိရသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# Computer to Plate စက်ကြီးများဖြင့် Plate ထုတ်ခြင်းလုပ်ငန်း

လူကြီးမင်းတို့၏ ပုံနှိပ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သည့် Plate များ ပုံဖော်ပေးခြင်းလုပ်ငန်းအား Japan နိုင်ငံလုပ် ခေတ်မီ Thermal Computer to Plate စက်ကြီးများအသုံးပြု၍ အချိန်တိုအတွင်း အရည်အသွေးပြည့်မီပြီး သင့်တင့်သောနှုန်းထားဖြင့် လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။ အသေးစိတ်အချက်အလက်များသိလိုပါက အောက်ပါလိပ်စာများတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(၁) နေပြည်တော် သတင်းစာတိုက်၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ ဖုန်း-၀၆၇- ၃၆၁၁၀
(၂) မြန်မာ့အလင်း သတင်းစာတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၅၄၄၃၁၄
(၃) ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၊ လမ်း ၂၀× ၂၁ နှင့် ၈၂× ၈၃ ကြား၊ ပုလဲငွေတောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး ဖုန်း-၀၂- ၇၃၂၁၉

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၁-၃-၂၀၁၃ (တနင်္လာနေ့)

၅း၄၀ "ရင်တွင်းရတနာ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)
၉း၄၀ နုယဉ်ဆန်းထွင် ပန်းအလှဆင် (နှင်းဆီပန်းစည်းလေးများ ပြုလုပ်ခြင်း)
၃း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချိုမြိန်သော ဘဝလေး" (ဇာတ်သိမ်းပိုင်း)
၅း၀၅ **Minute to Win It**
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်"(အပိုင်း-၁)
၈း၁၅ For Tunes Lyrics Contest
၈း၄၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၄၅)

**Spain Laliga** ဘောလုံးပွဲစဉ်

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Real Zaragoza-Granada | (Star Sports) |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။






# တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ သတိပြုစရာ

**ဖိုးရန်နိုင်**
**(ကျောက်ကြီး)**

မကြာမီ တက္ကသိုလ်ဝင်စာမေးပွဲများ ကျင်းပတော့မည်ဖြစ်၍ ကျွန်တော်ငယ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့စဉ်က အဖြစ်အပျက်လေးတစ်ခုကို တင်ပြလိုပါသည်။

၁၉၆၄ ခုနှစ် မတ်လတွင် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြူးမြို့ အစိုးရအထက်တန်းကျောင်းမှ ဝိဇ္ဇာဘာသာတွဲဖြင့် ဝင်ရောက်ဖြေဆိုရာ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်းနှင့် စိတ်ကြိုက်မြန်မာစာတို့ကို ဖြေဆိုရပါသည်။ မြန်မာစာနှင့် အင်္ဂလိပ်စာ ဖြေဆိုရာတွင် အခက်အခဲတစ်စုံတစ်ရာမရှိခဲ့ပါ။ တတိယ ဖြေဆိုရသည့် ပထဝီဝင်မေးခွန်းလွှာတွင်လည်း ကျွန်တော်ကျက်မှတ်ပြင်ဆင်ထားသည့် မေးခွန်းများဖြစ်၍ မေးခွန်းစာရွက်ရရှိသည့်အခါ အလွန်ဝမ်းမြောက်ခဲ့ပါသည်။

သို့ဖြစ်၍ အပိုင်ဆုံးမေးခွန်းဖြစ်သော မြန်မာနိုင်ငံ သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ အကြောင်းကို စတင်ဖြေဆိုခဲ့ရာ စိတ်တွင် လွန်စွာကျေနပ်မှုရခဲ့ပါသည်။ သို့သော် ထိုမေးခွန်း ဖြေဆိုပြီး နောက်တစ်ပုဒ်မဖြေဆိုမီ နာရီကို ကြည့်လိုက်သောအခါ ကျွန်တော်ဇောချွေးပြန်ခဲ့ပါသည်။ အကြောင်းမှာ ထိုမေးခွန်းတစ်ပုဒ်တည်းကို မေးခွန်းလွှာတစ်ခုလုံးဖြေဆိုရန် ပေးသည့်အချိန် သုံးနာရီ၏ တစ်ဝက် တစ်နာရီခွဲကုန်သွားသောကြောင့်ပင်။ ဖြေရန်ကျန်သည်က လေးပုဒ်၊ အချိန်က တစ်နာရီခွဲသာကျန်သဖြင့် ကျန်မေးခွန်းလေးပုဒ်ကို ထိုအချိန်နှင့်ပင် တက်သုတ်ရိုက် ဖြေလိုက်ရပါသည်။ ကွန်တိုနှင့် ဂရပ်မေးခွန်းနှစ်ပုဒ်ကို ဘာတွေဖြေခဲ့မိမှန်းပင်မသိတော့ပါ။ လက်ရေးကလည်း အမြန်ရေးထားပြီး ကိုယ်တိုင်ပြန်ဖတ်ပြန်စစ်ရန်လည်း အချိန်မရှိခဲ့ပါ။

သည်လိုနှင့် အိမ်ပြန်ရောက်သည့်အခါ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်ပြီး စိတ်ဓာတ်လည်း ကျကာ ကျန်သည့် သမိုင်းနှင့် စိတ်ကြိုက်မြန်မာစာတို့ကို ဆက်မဖြေတော့ဘူးဟု အိမ်ကိုပြောမိသည်အထိ ဖြစ်ခဲ့ပါသည်။ အလယ်တန်းပြဆရာဖြစ်သူ ယောက်ဖက ဖြစ်စဉ်ကိုမေးပြီး ချော့မော့ကာ ဖြေခိုင်းသဖြင့် ကျန်နှစ်ဘာသာကို ဆက်လက်ဖြေဆိုခဲ့သော်လည်း စိတ်ပါလက်ပါမရှိလှပါ။

ထိုစာမေးပွဲကိုလည်း အောင်မည်ဟုမထင်၍ အောင်စာရင်းထွက်သည့်အခါ သွား၍ပင်မကြည့်ခဲ့ပါ။ သို့သော် တစ်လမ်းတည်းနေသူငယ်ချင်းက ကျွန်တော်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ကြောင်း၊ သူကမူ ကျရှုံးကြောင်း လာပြောသည့်အခါ ကျွန်တော့်ကိုလာနောက်သည်ထင်ပြီး စိတ်တောင်ဆိုးမိပါသေးသည်။ အောင်စာရင်းကို ကိုယ်တိုင်သွားကြည့်ပြီး ကိုယ့်နာမည်တွေ့တော့မှ ယုံခဲ့ရပါသည်။ ယောက်ဖဖြစ်သူက စာမေးပွဲအောင်၍ ဝမ်းသာနေသည့် ကျွန်တော့်ကို ထိုအခါကျမှ ဆုံးမစကားဆိုပါသည်။

**“စာမေးပွဲဖြေဆိုရာမှာ တစ်ဘာသာမဖြေနိုင်ဘူးထင်တာနဲ့ အားမလျှော့သင့်ကြောင်း၊ စိတ်ဓာတ်ကျပြီး ကျန်ဘာသာများဆက်မဖြေတော့ဟူသော အတွေး၊ လုပ်ရပ်မျိုးမလုပ်သင့်ကြောင်း”** ရှင်းပြပါသည်။ ထိုအခါမှ ကျွန်တော့်အပေါ် စေတနာထားကာ အကြံကောင်းပေးခဲ့သည့်သူ့ကို ဦးသုံးကြိမ်ချကာ ကန်တော့ခဲ့ရပါသည်။

ထိုထက်ပို၍ ကျွန်တော်သင်ခန်းစာရခဲ့သည့် အချက်မှာ တက္ကသိုလ်ဆက်တက်ရန် အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်မှတ်များ တောင်းကြည့်သည့်အခါ ထို “ပထဝီဝင်”ဘာသာ ရမှတ်သည် ကျန်လေးဘာသာထက် များနေခြင်းဖြစ်ပါသည်။

ကျွန်တော်ငယ်စဉ်က တကယ်ဖြစ်ခဲ့သည့် ဖြစ်ရပ်အမှားတစ်ခုကို မကြာခင်တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် သားငယ်၊ သမီးငယ်လေးများ သင်ခန်းစာရယူနိုင်စေရန် အောက်ဖော်ပြပါအချက် (၅)ချက်ကို စေတနာကောင်းဖြင့် အကြံပြုလိုပါသည်။

(၁) မေးခွန်းလွှာတစ်ခုအတွက် ဖြေဆိုရမည့် ပုဒ်ရေနှင့် တစ်ပုဒ်ချင်းဖြေဆိုရာတွင် သုံးစွဲမည့်အချိန် ခွဲဝေလျာထားမှုကို ပြုလုပ်ပါ။ ထိုလျာထားချိန်အတိုင်း တစ်ပုဒ်ချင်းအပေါ် ရရှိသည့်အချိန် (မိနစ်)အတိုင်းဝင်အောင် ကြိုးစား၍ ဖြေဆိုပါ။

(၂) မေးခွန်းအားလုံး ဖြေဆိုပြီးချိန်တွင် အရန်ချိန် ၁၀ မိနစ်ခန့်ထားပြီး မိမိဖြေဆို၊ တွက်ချက်ထားမှုများကို ပြန်လည်စစ်ဆေး (Recheck)လုပ်ပါ။

(၃) မိမိခွဲဝေထားသည့် အချိန်နှင့်အညီ ဖြေဆိုနိုင်ရန် နာရီကိုလက်၌ ပတ်မထားဘဲ မိမိမျက်စိရှေ့တွင် စာဖြေရင်းအလွယ်တကူကြည့်နိုင်၊ မြင်နိုင်အောင်ထားပါ။

(၄) အထက်တွင် ကျွန်တော်တင်ပြခဲ့သလို မေးခွန်းလွှာတစ်ခုကို ဖြေဆိုရာတွင် အကြောင်းတစ်စုံတစ်ရာကြောင့် စိတ်တိုင်းမကျဖြစ်ခဲ့သော် ထိုစိတ်ခံစားမှုကို ဖြေသိမ့်၍နောက်ဆက်လက်ဖြေဆိုမည့် ဘာသာများအတွက် အကောင်းဆုံးပြင်ဆင်၍ ဖြေဆိုပါ။

(၅) ရှေ့ပိုင်းတစ်ဘာသာဖြေဆိုမှုအပေါ် မိမိကိုယ်မိမိ မကျေနပ်သည်ကို နောက်ဆက်လက်ဖြေဆိုရန် ကျန်သည့် ဘာသာများအတွက် အနှောင့်အယှက် မဖြစ်အောင် စိတ်ကိုထိန်းသိမ်းပါ။ (အထက်တွင် ကျွန်တော်ရေးသားတင်ပြသကဲ့သို့ နောက်ဘာသာများကို ဆက်လက်မဖြေဆိုတော့ပါ ဆိုသည့် အတွေးမျိုး လုံးဝမတွေးပါနှင့်၊ မလုပ်ပါနှင့်)။

မကြာမီရက်ပိုင်းအတွင်း တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ဖြေဆိုကြမည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ကျောင်းသား ကျောင်းသူများအားလုံး အောင်မြင်စွာ ဖြေဆိုနိုင်ကြပါစေရန် ဆန္ဒမွန်ဖြင့် . . .။ ။

# ကျော်ဇံကျေးရွာ တွဲဖက်အလယ်တန်းကျောင်းအား အလယ်တန်းကျောင်းအဆင့် တိုးမြှင့်

**မော်လမြိုင်ကျွန်း မတ် ၁၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျော်ဇံကျေးရွာ တွဲဖက်အလယ်တန်းကျောင်းအား အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မတ် ၄ ရက် နံနက် ၈ နာရီခွဲတွင် ကျောင်းဆောင်သစ်ရှေ့ မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဣန္ဒိလှ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် ကျောင်းဆောင်သစ် အလှူရှင်များကိုယ်စား ဦးဝင်းကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲတွင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးခင်ဝင်းက ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူး ဒေါ်အေးသိန်းထံ လွှဲပြောင်းပေးအပ်လိုက်သည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိ တစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး ကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**(၃၆၄)**

# ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်

**ရန်ကုန် မတ် ၁၀**

မြို့နယ် သာသနာ့နုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပသည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် စင်ကာပူပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာ့အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ့နုဂ္ဂဟအသင်းဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေးနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူ ၁၅၀ တို့ တက်ရောက်ကြပြီး စင်ကာပူ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မ (မြို့နယ် သံဃာ့နာယက အကျိုးတော်ဆောင်)နှင့် စာချသံဃာတော်များက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**



# ကားလမ်းပေါ်မှ အမှိုက်ပုံးများ

**ရန်ကုန် မတ် ၁၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊ တံတား)မှ ယခင်ကျဉ်းမြောင်းနေသော ကားလမ်းများကို လမ်းသားများချဲ့ထွင်ခြင်းနှင့် ယာဉ်ရပ်နားရန်နေရာများ ဆောင်ရွက်ပေးနေရာ ယာဉ်ကြောကျပ်တည်းမှု၊ ယာဉ်ကြောပိတ်ဆို့မှုတို့ အထိုက်အလျောက် ပြေလျော့သွားသဖြင့် ယာဉ်မောင်းများစိတ်ကျေနပ်မှုရှိနေကြသော်လည်း ကားလမ်းပေါ်တွင် အမှိုက်ပုံး(ကွန်တိန်နာ)ကြီးများ ထားရှိမှုကြောင့် ထူးမခြားနားဖြစ်ပေါ်နေကြောင်း ယာဉ်မောင်းများထံမှ ကြားသိရသည်။ **(ဝဲပုံ)**

“ယာဉ်ကြောကျပ်တည်းမှု၊ ပိတ်ဆို့မှုဖြစ်ပေါ်နေတာ ကားလမ်းတွေ ကျဉ်းမြောင်းနေလို့ပါ။ အခုဆိုရင် ရန်ကုန်မြို့မှာ ကားလမ်းအတော်များများကို ချဲ့ထွင်နေတာ မြင်နေရတယ်။ ယာဉ်ရပ်နားဖို့ နေရာတွေ ဆောင်ရွက်နေတာ မြင်နေရတယ်။ ရွှေဂုံတိုင်မီးပွိုင့်၊ လှည်းတန်းမီးပွိုင့်၊ ဘုရင့်နောင်မီးပွိုင့်တွေကလွဲရင် တခြားနေရာတွေမှာ ယာဉ်ကြောကျပ်တည်းမှု၊ ပိတ်ဆို့မှုတွေ လျော့နည်းသွားပါပြီ။ ဒါပေမယ့် ကားလမ်းပေါ်မှာ အမှိုက်ပုံးကြီးတွေချထားတော့ အိတ်ပေါက်နဲ့ ဖားကောက်နေသလို ဖြစ်နေတာပေါ့” ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါအမှိုက်ပုံးကြီး(ကွန်တိန်နာ)ကို ဗဟန်းမြို့နယ်ရှိ ဦးချစ်မောင်လမ်းမကြီးပေါ်တွင် မြင်တွေ့ရသည်။ ယင်းမြို့နယ်သည် ၃ ဒသမ ၄၁၃ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၂၂ ရပ်ကွက်ဖြင့် စုဖွဲ့ထားသောမြို့နယ်ဖြစ်သည်။ မြေမျက်နှာပြင်အနေအထားအရ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တာမွေမြို့နယ်၊ ကမာရွတ်မြို့နယ်တို့နှင့် ထိစပ်နေပြီး ပင်လယ်ရေမျက်နှာအထက် ပေ ၁၄၀ ၌ တည်ရှိကြောင်း မြို့နယ်စည်ပင်သာယာမှ ဖော်ပြထားသော မြို့နယ်အခြေပြမြေပုံအရ သိရသည်။

အထူးသဖြင့် ဦးချစ်မောင်လမ်းမကြီးသည် ယာဉ်အသွားအလာများပြားပြီး ဗဟန်းမြို့နယ်၏ အချက်အချာကျသော လမ်းမကြီးများအနက် တစ်ခုအပါအဝင်ဖြစ်သည်။ **(မောင်သုည)**







# ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲနှင့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ စစ်တွေမြို့၌ ကျင်းပ

**နေပြည်တော် မတ် ၁၀**

ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Rakhine State Chambers of Commerce and Industry) နှင့် အိန္ဒိယနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (Federation of Indian Chambers of Commerce and Industry) တို့ ကြီးမှူးကျင်းပသည့် ယဉ်ကျေးမှုနှီးနှောဖလှယ်ပွဲနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကို မတ် ၇ ရက် ညနေ ၃ နာရီတွင် စစ်တွေမြို့ (Royal Sittwe Resort) ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် တက်ရောက်၍ အမှာစကားပြောကြားပြီး



**(ယာပုံ)** မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံရုံးယာယီတာဝန်ခံ Mr. Sailas Thangal က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရွှေထွန်းအောင်၊ Minister of State of Mizoram for PHE , Tourism, Industry, Geology and Mining Mr.S. Hiato နှင့် Indian Chambers of Commerce ICC young leaders Forum Chairman & NICCO group Director Mr. Siddhant Kaul တို့က ကုန်သွယ်မှု အခွင့်အလမ်းနှင့် ဈေးကွက်အခြေအနေ၊ နှစ်နိုင်ငံကုန်စည်များ ပို့ကုန်၊ သွင်းကုန် တိုးမြှင့်ဆောင်ရွက်ရေး နည်းပညာ နှီးနှောဖလှယ်ပွဲနှင့် စီးပွားရေးဆိုင်ရာများကို ဆွေးနွေးကြပြီး ICC မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ညနေပိုင်းတွင် နှစ်နိုင်ငံယဉ်ကျေးမှု နှီးနှောဖလှယ်ပွဲအဖြစ် အိန္ဒိယနိုင်ငံနှင့် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြန်မာဖရဲသီး တရုတ်နိုင်ငံအဝယ်များ ဈေးကောင်းရ၍ တင်ပို့သူများ အဆင်ပြေ

**မန္တလေး မတ် ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ တံတားဦး၊ မြင်းခြံ၊ အမရပူရ၊ စဉ့်ကိုင်မြို့နယ်များတွင် ဖရဲစိုက်ဧက ရှစ်သောင်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်းမှာ အလုံး ၂၀၀၀ ခန့်ရှိသည်။ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောဖရဲသီးများအား မြစ်ငယ်၊ ပလိပ်ရှိ သစ်သီးဒိုင်များသို့ တင်ပို့ရောင်းချပြီး အရည်အသွေးမီ ဖရဲသီးများကို ရွေးချယ်ကာ ဂျပ်ပုံးများတွင် ထည့်ပြီး မူဆယ် (၁၀၅) မိုင် သစ်သီးပွဲရုံများမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရောင်းချသည်။ ဖေဖော်ဝါရီ တရုတ်နှစ်သစ်ကူးပွဲတော်ကာလတွင် အရည်အသွေးမီ မြန်မာဖရဲသီးတစ်ကီလိုကို သုံးယွမ်ခန့်သာ ဈေးရခဲ့ကြသော်လည်း မတ်လဆန်းတွင် ဖရဲတစ်ကီလိုကို ငါးယွမ်အထိ ဈေးတက်လာသဖြင့် မန္တလေးမြို့မှ ဖရဲတင်ပို့သူများ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။**(ဓါတ်ပုံ)**

**မောင်ပြည်သူ(မန္တလေး)**




**❖ နေစကြဝဠာမှ**

မရှိသလောက် နည်းပါးသဖြင့် ဘူမိဗေဒသက်တမ်းအရ အလွန်နုပျိုသော မီးတောင်တစ်လုံးဖြစ်သည်ဆို၏။

အိုလံပတ်စ်မွန်းစ် မီးတောင်သည် ကမ္ဘာပေါ်ရှိ အမြင့်ဆုံးတောင်ဖြစ်သော ဧဝရက်တောင်ထက် သုံးဆပိုမိုမြင့်မားသည်။ ဧဝရက်တောင်၏ တောင်ထွတ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅ ဒသမ ၅ မိုင်အမြင့်တွင် တည်ရှိသည်။

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ မော်နာလိုအာ မီးတောင်သည် ကမ္ဘာပေါ်တွင် အမြင့်ဆုံးမီးတောင်ဖြစ်ပြီး ပင်လယ်ကြမ်းပြင်အထက် ၁၀ ကီလိုမီတာ (၆ ဒသမ ၃ မိုင်) အမြင့်ရှိရာ အင်္ဂါဂြိုဟ်ပေါ်ရှိ အဆိုပါ မီးတောင်နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

အိုလံပတ်စ်မွန်းစ် မီးတောင်သည် ပေါက်ကွဲသည့်အခါ ပြင်းထန်ခြင်း မရှိဘဲ ပေါက်ကွဲချိန်တွင် ချော်ရည်များကို တောင်စောင်းများတစ်လျှောက် ဖြည်းညင်းစွာ စီးကြစေကြောင်း၊ အကျိုးရလဒ်အဖြစ် မီးတောင်၏ ဖြက်မှာ နိမ့်ပြီး တောင်စောင်းဆင်ခြေလျှောများမှာ မြင့်မားခြင်းမရှိကြောင်း နာဆာသိပ္ပံပညာရှင်များ၏ လေ့လာချက်တွင် ဖော်ပြသည်။





သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့




## တစ်ကိုယ်ရည်အရည်အသွေးမြှင့်ဆောင်းပါးများ



တစ်ကိုယ်ရည်အရည်အသွေးမြှင့်ဆောင်းပါးများကို စာရေးဆရာအေးဖြူက စုစည်းတင်ဆက်ထားသည်။ လူငယ်လူရွယ်များသာမက အရွယ်သုံးပါးစလုံးအတွက် စိတ်အာဟာရဟင်းလျာကောင်းဟု ဆိုရမည်ဖြစ်သည်။ ရေးသားတင်ဆက်ပုံမှာ ပေါ့ပေါ့ပါးပါး တိုတိုတုတ်တုတ် ထိထိမိမိ တင်ပြထားရာ အချိန်လုရသော ခေတ်နှင့် လိုက်ဖက်လှသည်။ လူ့စရိုက်၊ လူ့စာရိတ္တနှင့် လိုက်ဖက်သော မှတ်သားဖွယ်များကို ပုံပြင်ဖြင့် တင်ပြထားရာ လွယ်ကူစွာ လေ့လာနိုင်သည့်စာအုပ် ဖြစ်သည်။ ဆောင်းပါးပေါင်းအပုဒ် ၃၀ ပါဝင်သည့် အဆိုပါစာအုပ်ကို ရွှေလင်းယုန်ပုံနှိပ်တိုက်မှ တန်ဖိုးငွေကျပ် ၁၂၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

## အောင်သာစည်ချစ်မောင်



၁၉၄၉ ခုနှစ်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်း သာစည်မြို့၌ KNDO သောင်းကျန်းသူများ ရထားလမ်း ပိတ်ဆို့တားဆီးမှုကို မြန်မာ့တပ်မတော် တပ်ပေါင်းစုနှင့်အတူ ရဲဝံ့စွန့်စားချေမှုန်းခဲ့သူ၊ သနက(၆) တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ"အောင်သာစည်ချစ်မောင်" (လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်)၏ အကြောင်းကို တက္ကသိုလ်မောင်သန့်ဇင်က တွေ့ဆုံမေးမြန်းရေးသားတင်ပြထားသည်။

တင့်ဆွေ (ဖျာပုံ) (ဗိုလ်မှူးချုပ်တင့်ဆွေ-ငြိမ်း)က အမှာစာရေးသားပြီး မြတ်နိုးအိမ်စာပေ ဖုန်း ၀၁-၂၉၄၅၉၃ အမှတ် ၁၂၇/၄၆ လမ်း (ပထမထပ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့က တန်ဖိုးကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံအကျဉ်းထောင်များ၏ နောက်ခံသမိုင်း



ထောင်မှူးကြီးသိန်းဝင်း ရေးသားပြုစုသော ထောင်များ၏ သမိုင်းစာအုပ်ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပုသိမ်လမ်းအမှတ်(၂၅) အပေါ်ဆုံးလွှာ စိတ်ကူးသစ်စာပေ ဖုန်း-၃၉၁၃၂၂၊ ၀၉-၅၁၃၉၂၆၄ မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ "ကျွန်ုပ်ကတော့ မရှိလည်းမကောင်း၊ ရှိလည်းမကောင်းသည့် အကျဉ်းထောင်များ၏ နောက်ခံသမိုင်း"ကို စာဖတ်သူများ ဗဟုသုတရစေလိုသည့် ရည်ရွယ်ချက်ဖြင့် လပေါင်းများစွာ ရှာဖွေစုဆောင်းပြီး တင်ပြလိုက်ပါသည်။

## Android Application လမ်းညွှန်စာအုပ်



ယနေ့ခေတ်လူငယ်များ အသုံးအများဆုံးဖြစ်သည့် Touch Phone နှင့် Tablet တို့၏ အဓိကမောင်းနှင်ရာ အစိတ်အပိုင်းတစ်ခုဖြစ်သော Android O.S အကြောင်း၊ Android Phone နှင့် Tablet များ အသုံးပြုရာတွင် ဆောင်ရန်/ရှောင်ရန်များ၊ Internet အသုံးပြုပုံ၊ Gmail အသုံးပြုခြင်း၊ Wifi Hotspot နှင့် Mobile Network ဖန်တီးခြင်း၊ Application များ ရှာဖွေခြင်း၊ Install ပြုလုပ်ခြင်းများနှင့် Android Application လမ်းညွှန်များ ပါဝင်သည်။ ဆရာမျိုးသူရ၏ Android Phone နှင့် Tablet အသုံးပြုနည်းစာအုပ်ကို မျက်ပွင့်စာပေ ဖုန်း-၀၉-၇၃၀၀၂၉၆၅ မှ တန်ဖိုး ငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။

## ကံကောင်းခြင်းလက်ဆောင်နှင့် အခြားဝတ္ထုတိုများ



ဆရာမောင်ညီဦး (တစလ)ရေးသားသော ကံကောင်းခြင်းလက်ဆောင်နှင့် အခြားဝတ္ထုတိုများ စာအုပ်တွင် ကိုယ်တွေ့နှင့်ယှဉ်သော အကြောင်းအရာများကို ဖွဲ့နွဲ့ရေးသားထားသည်။ မည်သို့ဆိုစေ အကြောင်းအရာခိုင်မာသည့်အတွက် ရည်ရွယ်ချက်ကောင်းမွန်ပြီး စေတနာကောင်းသောကြောင့် ဤစာအုပ်ကို ဖတ်ရှုမိသူအတွက် ကံကောင်းခြင်းလက်ဆောင်တစ်ခုခု ရရှိမည်မှာသေချာသည်။

ဤစာအုပ်ကို ဦးသိန်းဟန် (ပန်းဆွေမွန်)စာပေ အမှတ် (၂၁၇) ဆိပ်ကမ်းသာလမ်း (အလယ်)ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိမည်ဖြစ်ကြောင်း သိရသည်။

## အပျော်တမ်းရုပ်သံတည်းဖြတ် အခွေထုတ်နည်းမျိုးစုံ



Video File နှင့်အတူ Slide Show ကိုပါ ပူးတွဲ၍ CD /DVD ပြုလုပ်နည်း၊ DVD/VCD အခွေထုတ်ရာတွင် ပါဝင်သော Menu ပါနောက်ခံ Background ပုံစံကို စိတ်ကြိုက်ရွေးချယ်ထည့်သွင်းနည်း၊ VCD မှ DVD, DVD မှ VCD သို့ ပြောင်းလဲထုတ်လုပ်နည်း စသည့် နည်းလမ်းအများအပြား ပါဝင်သည်။

ညဏ်ကြွယ်၏ အပျော်တမ်းရုပ်သံတည်းဖြတ် အခွေထုတ်နည်းမျိုးစုံကို မျက်ပွင့်စာပေမှ တန်ဖိုး ငွေကျပ် ၃၅၀၀ဖြင့် ဖြန့်ချိသည်။ အမှတ် ၂၁၁ (၃၇) လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉-၇၃၀၀၂၉၆၅ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

○ မြန်မာ့ဂုဏ်ဆောင်မှ

ရေကူးအားကစားချန်ပီယံ ရွှေတံဆိပ်များဆုရှင်ဟောင်း ယနေ့အချိန်အခါတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်နေသည့် ဦးနန္ဒကျော်စွာနှင့် တွေ့ဆုံ၍ ယနေ့ခေတ် လူငယ်အားကစားသမားများ အတုယူစံထားနိုင်စေရန်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုသည့်အနေဖြင့်လည်း ကောင်း သိလိုသမျှကို မေးမြန်းခဲ့ပါသည်။

မေး။ ။ မင်္ဂလာပါလေးလေးခင်ဗျာ။ ကျွန်တော်တို့က ကြေးမုံသတင်းစာတိုက်ကပါ။ ကျွန်တော်တို့ သတင်းစာတိုက်အနေနဲ့ လာမယ့်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ရွှေတံဆိပ်ဆုရှင် ချန်ပီယံဟောင်းကြီးတွေရဲ့ စကားလက်ဆောင်နဲ့ ပံ့ပိုးကူညီသွားမယ့် အစီအစဉ်တွေရှိပါတယ်။ ကျေးဇူးပြု၍ မေးခွန်းလေးတွေ မေးပါရစေ။ ပထမဆုံးအနေနဲ့ လေးလေးဟာ တစ်ချိန်က မြန်မာ့လက်ရွေးစင် ရေကူးချန်ပီယံလို့ သိရပါတယ်။ အဲဒါဘယ်အချိန်၊ ဘယ်ကာလ၊ ဘယ်ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ခုလို သတင်းအဖွဲ့အနေနဲ့ လာရောက်မေးမြန်းတာကို ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဖြေပေးရမယ်ဆိုရင်တော့ ၁၉၆၅ ခုနှစ်ကနေ ၁၉၇၉ ခုနှစ်ထိ နှစ်ကာလ ကြာရှည်စွာ နိုင်ငံ့လက်ရွေးစင်ဖြစ်ခဲ့ပါတယ်။ ပြိုင်ပွဲတွေအနေနဲ့ကတော့ အဲဒီကာလက အရှေ့တောင်အာရှကျွန်းဆွယ်ပြိုင်ပွဲရယ်၊ ၃၃ နိုင်ငံချစ်ကြည်ရေးပြိုင်ပွဲတွေပါ။ ပြိုင်တဲ့နေရာမှာတော့ သူတင်ကိုယ်တင် ပြိုင်ခဲ့ရတာပါ။ အောင်မြင်မှု အပြည့်အဝရခဲ့တဲ့နှစ်ကတော့ ၁၉၆၉ ခုနှစ် မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ပဉ္စမအကြိမ် ကျွန်းဆွယ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ရခဲ့တာပဲဖြစ်ပါတယ်။

မေး။ ။အခြား နိုင်ငံတကာပြိုင်ပွဲတွေမှာကော ဆုရရှိခဲ့ပါသေးသလား။

ဖြေ။ ။ကျွန်တော်တို့ ခေတ်က ပြိုင်ပွဲတွေကတော့ နှစ်နှစ်တစ်ခါသွားရတဲ့ ကျွန်းဆွယ်ပြိုင်ပွဲရယ်၊ လေးနှစ်တစ်ခါသွားရတဲ့ အာရှအားကစားပြိုင်ပွဲရယ်ဆိုပြီး ရှိပါတယ်။ ချစ်ကြည်ရေးပွဲအနေနဲ့ တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၃၃ နိုင်ငံပြိုင်ပွဲမှာ ရွှေတံဆိပ် ငါးခုရရှိခဲ့ပါတယ်။

မေး။ ။လေးလေးတို့ လက်ထက်နောက်ပိုင်းမှာ မြန်မာ့အားကစားဟာ မှေးမှိန်သွားပါတယ်။ အဲဒါဘာဖြစ် လို့ပါလဲ။ လေးလေးရဲ့ အမြင်လေးကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။အဲဒါကတော့ကျွန်တော်တို့ လေ့ကျင့်ကစားခဲ့တဲ့ ကာလနဲ့ ယှဉ်ပြီးပြောမှ ရမယ်ထင်တယ်။ ကျွန်တော်တို့ လက်ထက်မှာတော့ အားကစားကို တစိုက်မတ်မတ် လုပ်ပါတယ်။ ပညာရေးလည်းတွဲပြီး လုပ်ပါတယ်။ သို့သော်လည်း ပညာရေးနဲ့စာရင် အားကစားကို ပိုပြီးအလေးထားလုပ်ရတဲ့ အပိုင်းတွေရှိပါတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်ရဲ့ မိဘ၊ ဆရာသမားတွေနဲ့ ညီအစ်ကို မောင်နှမတွေရဲ့ စောင့်ရှောက်မှုကြောင့် ပညာရေးမှာပါ ထူးချွန်ခဲ့ရပါတယ်။ တချို့ကျတော့လည်း ပညာရေးလိုင်းကို မသွားတော့ဘဲ အားကစားထဲမှာ ကိုယ်ရောစိတ်ပါနှစ်ခဲ့တဲ့ လူတွေလည်းရှိပါတယ်။ ဒီနေရာမှာ နောက်ပိုင်းလူတွေက ပညာရေးကို ဦးစားပေးသွားတယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့လက်ထက်တုန်းက ကျွန်းဆွယ်အတွက် ရွေးလိုက်ပြီဆိုတာနဲ့ အောင်ဆန်းအားကစားကွင်းမှာ စခန်းသွင်းလေ့ကျင့်တဲ့အခါ နှစ်လုံးပေါက် ကျောင်းတက်လွှတ်ခွင့်ပေးပြီး ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း အပြည့်ပေးပါတယ်။ ပြင်ပဆရာတွေရဲ့ ပံ့ပိုးမှုနဲ့ပဲ ကျက်မှတ်ပြီး ဖြေခဲ့ရပါတယ်။ ဒီဘက်ခေတ်မှာတော့ စာကိုပဲ ဦးစားပေးလာပြီး အားကစားကို လျော့သွားတယ်လို့ ထင်ပါတယ်။ ဒါကလည်း ဘဝရှေ့ရေးအတွက်ပါပဲ။ ကျွန်တော်တို့ကတော့ ဘာကိုမှ မျှော်လင့်ချက်မထားဘဲနဲ့ နိုင်ငံအတွက်ပဲကြိုးစားအားထုတ်ခဲ့တာပါ။

မေး။ ။အခု ပြည်တွင်းပြည်ပမှာ ကျင်းပနေတဲ့ အားကစားပြိုင်ပွဲတွေမှာ ယနေ့အားကစားသမားတွေ ရရှိတဲ့ အောင်မြင်မှုနဲ့ လေးလေးရရှိခဲ့တဲ့ အောင်မြင်မှု နှိုင်းယှဉ်ပြီး လေးလေးရဲ့ ခံစားချက်လေးကို ပြောပြပါဦး။

ဖြေ။ ။ကျွန်တော်တို့ အနေနဲ့ ကိုယ်တိုင်အောင်မြင်မှု ရရှိခဲ့သလို သူများတွေရဲ့ အောင်မြင်မှုရရှိခဲ့တာကိုလည်း ပီတိဖြစ်ခဲ့ရတာရှိပါတယ်။ ဥပမာအနေနဲ့ ပြောရရင် အားကစားပြိုင်ပွဲတွေမှာ အခြားအားကစားနည်းတွေဖြစ်တဲ့ ဘော်လီဘောတို့ ကြက်တောင်တို့က ဆုတံဆိပ်ရရှိတဲ့အခါမျိုးမှာ ကိုယ့်နိုင်ငံ ကိုယ့်တိုင်းပြည်အတွက် ရရှိခဲ့တာဖြစ်လို့ ဂုဏ်ယူနိုင်တယ်။ မော်ကြွားနိုင်တယ်။ ကိုယ်ကိုယ်တိုင် အောင်မြင်မှုရတဲ့အခါဆိုရင်တော့ ပြောမပြနိုင်လောက်အောင် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ရရှိခဲ့တဲ့ အောင်မြင်မှုမျိုးဟာ တစ်ဦးတစ်ယောက်တည်းရဲ့ အောင်မြင်မှုမျိုး မဟုတ်ဘူး။ ထီပေါက်တာနဲ့လည်း မတူဘူး။ စာမေးပွဲအောင်တာနဲ့လည်းမတူဘူး။ နိုင်ငံကို ကိုယ်စားပြုတဲ့ အောင်မြင်မှုဖြစ်လို့ပါ။ မိမိနိုင်ငံ အလံ တိုင်ထိပ်ကိုလွှင့်ပြီး နိုင်ငံတော်သီချင်းသံကို တီးမှုတ်သံကြားရတဲ့ အခါရော၊ မြင်ရတဲ့အခါရော ကိုယ့်နိုင်ငံအလံကို တိုင်းတစ်ပါးသားတွေနဲ့ ရှိသမျှ လူအားလုံးက အလေးပြုခံရတဲ့ အနေအထားမျိုး အောင်မြင်မှုမျိုးဟာ ဘာနဲ့မှမလဲနိုင်တဲ့ ဂုဏ်ယူမှုမျိုးပါ။ ပြောမပြနိုင်လောက်တဲ့ ပီတိမျိုးပါ။

မေး။ ။ မျိုးဆက်သစ် အားကစားသမားတွေအပေါ်မှာ လေးလေးရဲ့ အမြင်နဲ့ သုံးသပ်အကြံပြုချက်လေး ပြောပြပေးပါဦး။

ဖြေ။ ။ အားကစားလုပ်တဲ့အခါမှာ နိုင်ငံတော်ကိုယ်စားပြုပြီး ယှဉ်ပြိုင်ကြရတာ ဖြစ်တဲ့အတွက် နံပါတ်တစ် သူတို့နောက်မှာ ယနေ့ မြန်မာနိုင်ငံလူဦးရေသန်း ၆၀ ရှိပါတယ်။ သန်း ၆၀ ရှိတဲ့ အားဟာ တစ်ဖက်က သန်းတစ်ထောင်ရှိတဲ့ အားနဲ့ယှဉ်ရင် အားနည်းတယ်လို့ မထင်စေချင်ဘူး။ ထားရှိရမယ့် စိတ်ဓာတ်က တစ်ခုပဲရှိတယ်။ အဲဒါ ဘာလဲဆိုရင်တော့ အားကစားသစ္စာ အဓိဋ္ဌာန် လေးချက်ထဲက နောက်ဆုံး အချက်ဖြစ်တဲ့ ကျွန်တော်တို့ဟာ အနိုင်မခံအရှုံးမပေးသော ဖွဲ့စိတ်ဓာတ်နဲ့ တရားသော ယှဉ်ပြိုင်အနိုင်ယူခြင်းကို လက်ခံကျင့်သုံးသွားမည်ဆိုတဲ့ စိတ်ဓာတ်ထားရှိဖို့ပါပဲ။ ကျွန်တော်တို့တုန်းက ပြိုင်ခဲ့သလိုမျိုး နောက်လာမယ့် အားကစားသမားတွေလည်း ဖွဲ့မလျှော့ဘဲ အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်နဲ့အောင်မြင်မှုရကြပါစေလို့ ဆန္ဒပြုပါတယ်။ စိတ်ဓာတ်မလျှော့ဘဲ ပြိုင်ရင် နိုင်ပါတယ် ခင်ဗျာ။

မေး။ ။ ရေကူးအားကစားနည်းတွေထဲက ဘယ်နည်းက လေးလေးအတွက် ခက်ခဲစေပါသလဲ။

ဖြေ။ ။ ရေကူးအားကစားနည်းလေးမျိုးဖြစ်တဲ့ အလွတ်ကူး၊ နောက်ပြန်ကူး၊ ရင်ပေါင်တန်းကူးနဲ့ လိပ်ပြာကူးဆိုပြီး ရှိပါတယ်။ ကျွန်တော်ကတော့ လိပ်ပြာကူးမှာပဲ ကူးပါတယ်။ သို့သော်လည်း ကျွန်တော်က လေးမျိုးစလုံးကူးတဲ့လူ ဖြစ်ပါတယ်။ တစ်ဦးချင်းလေးမျိုးကူးဆိုတာလည်း ရှိပါတယ်။ တစ်ဦးချင်းလေးမျိုးကူးနဲ့ ကျွန်းဆွယ်ပြိုင်ပွဲမှာ ပထမဆုံး အနိုင်ရခဲ့တာပါ။ ခက်တာကတော့ လိပ်ပြာကူးက အခက်ဆုံးလို့ ပြောပါတယ်။ ကျွန်တော်ကတော့ လေးမျိုးစလုံးကို ကျွမ်းကျွမ်းကျင်ကျင် ကူးနိုင်ပါတယ်။

မေး။ ။ လေးလေးရဲ့ ရေကူးအားကစားလောကမှာ လက်ဦး ဆရာနဲ့ နည်းပြတွေက ဘယ်သူတွေ ပါလဲ။

ဖြေ။ ။လက်ဦး ဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနဲ့ဖဆိုတာလို ကျွန်တော့်ရဲ့ရေကူးအားကစား လက်ဦးဆရာကတော့ အဖေပါပဲ။ အခြားသူတွေကတော့ အစ်ကိုနှစ်ယောက်နဲ့ အစ်မတစ်ယောက်ပါပဲ။ ဒါ့အပြင် လက်ရွေးစင်ဖြစ်အောင် ကျွန်တော့်ကိုပံ့ပိုးကူညီပေးခဲ့တာကတော့ ဘဘဦးဇော်ဝိတ်ပါ။ နည်းပြဆရာတွေကတော့ တိုင်းအားကစားမှူး ဦးစိန်လှိုင်နဲ့ နောက်တစ်ယောက်က ကျွန်တော်နဲ့ရေကူးဘက် ကိုညွှန့်စိုးတို့ပါပဲ။

မေး။ ။ဆီးဂိမ်းပြိုင်ပွဲနဲ့ ပတ်သက်ပြီး လေးလေးရဲ့ မျှော်လင့်ချက်နဲ့ နိုင်ငံ့ဂုဏ် ဆောင်နိုင်ရေးအတွက် ဘာတွေ ပြင်ဆင်ထားရမလဲဆိုတာ ပြောပြပေးပါဦး။

ဖြေ။ ။အားကစားပြိုင်ပွဲက အချိန်အတော် နီးကပ်နေပါပြီ။ လေ့ကျင့်တန်သလောက်လည်း လေ့ကျင့်ပြီးပါပြီ။ နိုင်ခြေ မနိုင်ခြေဆိုတာကတော့ ကိုယ်ကသွားပြီး သူတို့ကရပ်နေရင်တော့ တစ်မျိုးပေါ့။ ခုဟာက ကိုယ်ကသွားနေသလို သူတို့ကလည်း သွားနေကြတာပဲ။ သူတို့သွားတဲ့နှုန်းထက် ကိုယ်က မြန်မှ ကိုယ်ကသူတို့ရှေ့ရောက်မှာပါ။ အရေးကြီးတာက အနိုင်မခံ အရှုံးမပေးတဲ့ စိတ်ဓာတ်ပါပဲ။ တရားသော ယှဉ်ပြိုင်ခြင်းနဲ့ အနိုင်ယူဖို့ပါပဲ။

မေး။ ။လေးလေးရဲ့ မိဘတွေက ဘဝမှာဘယ်လိုပြုမှုနေထိုင်ရမယ်ဆိုတာ သွန်သင်ဆုံးမခဲ့တဲ့စကားလေးများရှိရင်ပြောပြပေးပါဦး။

ဖြေ။ ။ကျွန်တော်တို့ ရေကူးအားကစားဟာ တခြားအားကစားတွေနဲ့မတူပါဘူး။ သူများတွေချမ်းလို့ အေးလို့ စောင်ခြုံပြီး ကွေးနေရတဲ့ အချိန်မှာ ကျွန်တော်တို့က ရေထဲဆင်းနေရပါတယ်။ အဲဒါကိုကျွန်တော်က အမေ့ကိုပြောပြတော့ အမေက တိုင်းပြည် လွတ်လပ်ရေးအတွက် အသက်စွန့်ကြိုးပမ်းသွားတဲ့လူတွေဟာ မင်းထက်အများကြီး ပင်ပန်းဆင်းရဲတယ်။ လူရယ်လို့ဖြစ်လာရင် အသက်ရှူဖို့နဲ့ ထမင်းစားဖို့တင် မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်အတွက် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ပေးဆပ်ကြိုးစားရမယ်လို့ ဆုံးမပါတယ်။ အဖေကတော့ အားကစားနည်းတစ်မျိုးမျိုးနဲ့ တိုင်းပြည်အတွက် စီးချင်းထိုးပြီး အောင်မြင်မှုရယူပေးနိုင်တာ ကိုယ့်နိုင်ငံအလံ တိုင်ထိပ်ရောက်အောင် စွမ်းဆောင်ပေးနိုင်တာဟာ တိုင်းပြည်အတွက် တိုက်ပွဲတစ်ပွဲ အောင်မြင်တာလို့ ဆိုပါတယ်။ အဲဒီလို စွမ်းဆောင်ပေးနိုင်ရင် အာဇာနည် ယောကျ်ားကောင်းတစ်ယောက်ဖြစ်ပြီလို့ ဆုံးမပါတယ်။

မေး။ ။ဟုတ်ကဲ့ လေးလေး ခင်ဗျာ။ ဒီနံရံမှာ ချိတ်ထားတဲ့ လေးလေးရဲ့အောင်မြင်မှု မှတ်တမ်းဓာတ်ပုံတွေ၊ ဒီစားပွဲပေါ် ချပြထားတဲ့ လေးလေးရဲ့ ဆုတံဆိပ်တွေဟာ ကျွန်တော်တို့ လူငယ်တွေအတွက် တကယ့်ကိုအားကျစရာပါ။ လေးလေးရဲ့ဘဝမှာ ဆုတံဆိပ်တွေ ဘယ်လောက်များ ဆွတ်ခူးရရှိခဲ့တယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ဆုတံဆိပ်တွေက ပြည်တွင်း ပြည်ပပြိုင်ပွဲတွေမှာ ရရှိခဲ့တာ အစုံပါပဲ။ ရွှေတံဆိပ်လည်းရတယ်။ ကြေးတံဆိပ်လည်း ရတယ်။ ငွေတံဆိပ်လည်းရခဲ့တယ်။ အအောင်မြင်ဆုံးအချိန်ကတော့ ၁၉၆၉ ခုနှစ်က ကျွန်းဆွယ်ပြိုင်ပွဲမှာ ရွှေသုံးခုနဲ့ ၁၉၇၅ ခုနှစ်က တရုတ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ၃၃ နိုင်ငံ ချစ်ကြည်ရေးပြိုင်ပွဲမှာ ရွှေငါးခု ရရှိခဲ့တာပါပဲ။

မေး။ ။ နောက်ဆုံးအနေနဲ့ မေးခွန်းတစ်ခုလောက် မေးပါရစေ။ လေးလေးဟာ အခုအခါမှာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတာဝန်အပြင် လွှတ်တော်ရေးရာကဏ္ဍတွေမှာ ပြည်သူတွေအတွက် ကြီးလေးတဲ့ တာဝန်တွေ ထမ်းဆောင်နေရတဲ့ကြားထဲက ကျန်းမာရေးလိုက်စားမှုနဲ့ နေ့စဉ်နေထိုင်မှု ပုံစံလေးကိုလည်း ယနေ့ခေတ်လူငယ်တွေအတုယူနိုင်အောင် စကားလက်ဆောင်လေး ပေးလိုက်စေချင်ပါတယ်။

ဖြေ။ ။ရေကူးအားကစားကတော့ ရေကူးကန်ရှိမှ လုပ်လို့ရမှာပါ။ လေးလေးအိမ်မှာလည်း ရေကူးကန်မရှိ။ ရေကူးကန်သွားဖို့ကျတော့လည်း အချိန်မပေးနိုင်တော့ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းပဲ လုပ်ဖြစ်ပါတယ်။ ဒါကလည်း လေးလေးတို့ ရေမကူးခင် သွေးပူလေ့ကျင့်ခန်းအနေနဲ့ အမြဲလုပ်ခဲ့တဲ့ လေ့ကျင့်ခန်းပါပဲ။

ဟုတ်ကဲ့ခင်ဗျာ။ အခုလို အလုပ်တာဝန်တွေ များပြားတဲ့ကြားက ကျွန်တော်တို့အတွက် အချိန်ပေးဖြေကြားပေးတဲ့အတွက် လေးလေးကို ကျေးဇူးတင်ပါတယ်။

လေးလေးကလည်း လေးလေးရင်ထဲက ပြောပြချင်တဲ့စကားတွေ ပြောပြခွင့်ရတဲ့အတွက် ကြေးမုံသတင်းစာကို ကျေးဇူးတင်ပါတယ်။



ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၏ ရေကူးအားကစားသမားဘဝ ပြည်တွင်းပြည်ပပြိုင်ပွဲအရပ်ရပ်၌ ဆွတ်ခူးရရှိခဲ့သော ဆုတံဆိပ်များနှင့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

## မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်  ။)

၁၃၇၄ ခုနှစ်၊  လ  ရက်

(၂၀၁၃ ခုနှစ်၊  လ  ရက်)

၁။ ဤဥပဒေကို မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ ၁၄) ကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ ၁၄)ပုဒ်မ ၁၈ ၏ နောက်တွင် ပုဒ်မ ၁၉ အဖြစ် အောက်ပါ စကားရပ်များကို ဖြည့်စွက်ရမည်။

ဤဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်စေ မိမိ၏ နေ့စဉ်ပုံမှန်စားသောက်၊ သွား၊ လာ၊ လုပ်ကိုင်၊ ဆောင်ရွက်မှုအတွက်သော်လည်းကောင်း၊ မိမိ၏ အသက်ဘေးအန္တရာယ်ကို ကြောက်ရွံ့ရသည့်အတွက်သော်လည်းကောင်း မတရားအသင်းများနှင့် ဆက်နွှယ်ပတ်သက်ဆောင်ရွက်ရခြင်းသည် ဤဥပဒေအရပြဋ္ဌာန်းသည့် ပြစ်မှုများတွင် အကျုံးမဝင်ဟု မှတ်ယူရမည့်အပြင် တရားစွဲဆိုခြင်း မခံထိုက်စေရ။

ပြည်သူအများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

## သန်လျင်မြို့နယ် သားဖွားခန်းအတွက် ငွေလှူ

ရန်ကုန် မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ထန်းပင်ကုန်းရပ်ကွက်နေ ဦးမြင့်ဦး-ဒေါ်မြင့်မြင့်ကြည် (နေလဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုတို့က သန်လျင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက် လိုအပ်သည်များ အသုံးပြုနိုင်ရန် အလှူငွေကျပ် သုံးသိန်းကို မတ် ၅ ရက်က လှူဒါန်းရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

(မြို့နယ်မိခင်/ကလေး)

## လွတ်လပ်ခြ

လွတ်လပ်ခြင်းနှင့်ပြဋ္ဌာန်းမှု (Liberty and Pr
မိတ်ဖက်မဟုတ် ကာရန်မတူ အစွန်းနှစ်ဖက်တွင်တ
ဘက် စကားစုနှစ်ခုအား ပူးတွဲဖော်ပြထားမှုအပေါ်
သည်။ ကမ္ဘာပေါ်တွင် လူသားအားလုံး၏ အလိုလာ
နှင့် အတောင့်တဆုံးအရာကိုပြောပါဆိုလျှင် တစ်ပြိုင်
ပင်မက စကြဝဠာတစ်ခွင်လုံးဟိန်းသွားအောင် တ
လာမည်မှာ 'လွတ်လပ်မှု'နှင့် 'လွတ်လပ်ခြင်း'ဆိုသော
မည်ဆိုသည်ကို သက်ရှိလူသားတိုင်း အလိုအလျော
သည်။

လွတ်လပ်ခြင်းဆိုသော ဝေါဟာရကို အမိ
သက်ဆိုင်ရာလုပ်ငန်း၊ နယ်ပယ်၊ ပတ်ဝန်းကျင်ကဏ္
တစ်ယောက်၊ အဖွဲ့အစည်း၊ နိုင်ငံမှသည် ကမ္ဘာအ
အနက်အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်သော်လည်း သက်
အခြေခံအကျဆုံးနှင့် အနီးစပ်ဆုံးတူညီသည့်
'နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး'နယ်ပယ်အသီးသီး၌ မိ
ဖြစ်ချင်သည့် (ဖြစ်စေချင်သည့်) အတိုင်း မည်သ
တားဆီးမှုကိုမှ မလိုလားဘဲ လွတ်လွတ်လပ်လပ် လု
ခြင်းပင်ဖြစ်ပါသည်။

'အကွပ်မဲ့သည့်ကြမ်း ပရမ်းပတာ'၊ 'တောင်းမှာ
'စည်းကမ်း ကလားနား' စသော စကားပုံများသည်
ရင်းနှီးကျွမ်းဝင်ခဲ့ပြီး မှတ်မိလွယ်သော စကားပုံ
'သတိချပ်' ၍ ကောင်းမွန်စွာခံယူကျင့်သုံးပါက ယနေ့
လူသားတို့အတွက် လွန်စွာအသုံးဝင်နေဆဲ 'မြန်မာစကာ

လူသားတို့ဘဝ ရှင်သန်ရပ်တည်မှုအတွက် လိ
ရာများဆောင်ရွက်ရာတွင် မိမိတည်ရှိနေထိုင်လုပ်
တိုင်းပြည်၏ လူမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊
ကဏ္ဍအလိုက် လိုအပ်ချက်အရ တိုင်းပြည်နှင့် လူ
ပြဋ္ဌာန်းထားမှုများအား လိုက်နာရန် အခြေခံကျသော
ကိုယ်ကျိုးမဖက်သော အပြုသဘောဆောင်သည့်
ကိုယ်စီကိုယ်စီ ကိန်းဝပ်နေရန် လိုအပ်ပါသည်။

အစိုးရအဖွဲ့နှင့်လွှတ်တော်မှ ပြည်သူလူထုအက
ပြဋ္ဌာန်းမှုများအား အောက်ခြေတွင် အကောင်အထ
နေရသော အမှုထမ်း၊ အရာထမ်းများအနေဖြင့်
ထိတွေ့ဆက်ဆံရမည့် ပြည်သူများအတွက် စိ
ထိရောက်မြန်ဆန်မှုနှင့်အတူ စည်းကမ်းတကျ မှုဘေ
ကောင်းမွန်သော ဝန်ဆောင်မှုပေးရန်တော့ လို
လက်တွေ့အကောင်အထည်ဖော်သော အစိုးရဝ
ဆက်ဆံသော ပြည်သူအကြား မကျေလည်မှုဖြစ်ပေ
မည်မျှပင်ကောင်းအောင်စီမံဆောင်ရွက်ပြဋ္ဌာန်းစေ
ဆန့်ကျင်ဝေဖန်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့်လည်း အကောင်အထည်ဖေ
တိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှုရှိခဲ့
ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း (T
အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို
ကောင်းမွန်ရန် ဝန်ထမ်းများ၏ ဘဝအား ယခုထက်
စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေဦးမည်ဖြစ်ပါသ

လိုက်နာရန်သတ်မှတ်ချက်ပြဋ္ဌာန်းမှုများသည်
ပြည်သူတစ်ရပ်လုံးလိုက်နာရန် ပြဋ္ဌာန်းထားခြင်းဖြစ်
မှုအပေါ် လေးစားလိုက်နာရန်တာဝန်သိသိ လို
ဆောင်ရွက်သလို အောက်ခြေတွင် အကောင်အထ
အမှုထမ်း၊ အရာထမ်းများ၏ အဂတိလိုက်စားမှုကြေ
ထမ်းဆောင်မှုအပေါ် တာဝန်မကျေ အားနည်းချ
လိုက်နာရန် သိရှိနားလည်မှုမရှိ၍သော်လည်းကောင်း
တာဝန်မဲ့စွာ ပျက်ကွက်မှုများဖြစ်ပေါ်ခြင်းသည် လွန်စွ
တန်သော ကိစ္စရပ်များပင်ဖြစ်ပေသည်။ ယနေ့တို
အသီးသီးတွင် ပြဋ္ဌာန်းချက်အရ လိုက်နာဆောင်ရွ
အား လိုက်နာဆောင်ရွက်မှုအားနည်းနေသည်များ
တွေ့ရှိရဆဲပင်ဖြစ်ပါသည်။

အစိုးရအပေါ် ပြည်သူများ၏ နှစ်ပေါင်းများစွာ
ခဲ့သော 'အာဃာတ' ကြောင့် ဖြစ်ပေါ်ခဲ့သည့် ကြီး
စိတ်များအား ဖြေလျှော့၍ တိုင်းပြည်၏ ကမ္ဘာ့အလယ်

✻ ရှေ့ဖုံးမှ

အချိန်ကျရောက်နေပြီး အချို့တိုင်များ၊ အခင်း၊ အကာ
ကြာမြင့်မှု၊ ရာသီဥတုဒဏ်၊ ရေတိုက်စားမှုဒဏ်တို့ကြော
လာပြီဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အချိန်မီပြ
ဒေသ၏ အမှတ်အသားတစ်ခုဖြစ်သည့် အင်းလယ်ဗိ
အမြင်တင့်တယ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြ

# လွတ်လပ်ခြင်း နှင့် ပြဋ္ဌာန်းမှု

ပြည်သူတစ်ဦး

လွတ်လပ်ခြင်းနှင့်ပြဋ္ဌာန်းမှု (Liberty and Provisions ) ဆိုသည့် မိတ်ဖက်မဟုတ် ကာရန်မတူ အစွန်းနှစ်ဖက်တွင်တည်ရှိသော ဆန့်ကျင်ဘက် စကားစုနှစ်ခုအား ပူးတွဲဖော်ပြထားမှုအပေါ် အံ့ဩမိမှာ သေချာပါသည်။ ကမ္ဘာပေါ်တွင် လူသားအားလုံး၏ အလိုလားဆုံး (အလိုအပ်ဆုံး) နှင့် အတောင့်တဆုံးအရာကိုပြောပါဆိုလျှင် တစ်ပြိုင်တည်း တစ်ကမ္ဘာလုံး ပင်မက စကြဝဠာတစ်ခွင်လုံးဟိန်းသွားအောင် တစ်သံတည်းထွက်ပေါ်လာမည်မှာ 'လွတ်လပ်မှု'နှင့် 'လွတ်လပ်ခြင်း'ဆိုသော တောင်းဆိုမှုအသံဖြစ်မည်ဆိုသည်ကို သက်ရှိလူသားတိုင်း အလိုအလျောက် သိရှိနေမည်ဖြစ်ပါသည်။

လွတ်လပ်ခြင်းဆိုသော ဝေါဟာရကို အဓိပ္ပာယ်ဆိုမည်ဆိုပါက သက်ဆိုင်ရာလုပ်ငန်း၊ နယ်ပယ်၊ ပတ်ဝန်းကျင်ကဏ္ဍအလိုက် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်း၊ နိုင်ငံမှသည် ကမ္ဘာအဆင့်ထိလိုအပ်သလို အနက်အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုနိုင်သော်လည်း သက်ရှိလူသားတို့အတွက် အခြေခံအကျဆုံးနှင့် အနီးစပ်ဆုံးတူညီသည့် အနက်အဓိပ္ပာယ်မှာ 'နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး'နယ်ပယ်အသီးသီး၌ မိမိဆန္ဒရှိသည့်အတိုင်း ဖြစ်ချင်သည့် (ဖြစ်စေချင်သည့်) အတိုင်း မည်သည့်ပြဋ္ဌာန်းကာကွယ်တားဆီးမှုကိုမှ မလိုလားဘဲ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဆောင်ရွက်လိုခြင်းပင်ဖြစ်ပါသည်။

'အကွပ်မဲ့သည့်ကြမ်း ပရမ်းပတာ'၊ 'တောင်းမှာအကွပ် လူမှာအဝတ်'၊ 'စည်းကမ်း ကလားနား' စသော စကားပုံများသည် ရှေးပဝေသဏီကပင် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး မှတ်မိလွယ်သော စကားပုံများဖြစ်သော်လည်း 'သတိချပ်' ၍ ကောင်းမွန်စွာခံယူကျင့်သုံးပါက ယနေ့ IT ခေတ်တိုင်အောင် လူသားတို့အတွက် လွန်စွာအသုံးဝင်နေဆဲ 'မြန်မာစကားပုံ'များဖြစ်ပါသည်။

လူသားတို့ဘဝ ရှင်သန်ရပ်တည်မှုအတွက် လိုအပ်သော ကိစ္စရေးရာများဆောင်ရွက်ရာတွင် မိမိတည်ရှိနေထိုင်လုပ်ကိုင်ရာအဖွဲ့အစည်း၊ တိုင်းပြည်၏ လူမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့်အညီ ကဏ္ဍအလိုက် လိုအပ်ချက်အရ တိုင်းပြည်နှင့် လူမျိုးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားမှုများအား လိုက်နာရန် အခြေခံကျသော စည်းကမ်းမှအစပြု၍ ကိုယ်ကျိုးမဖက်သော အပြုသဘောဆောင်သည့် အတွေးအခေါ်များ ကိုယ်စီကိုယ်စီ ကိန်းဝပ်နေရန် လိုအပ်ပါသည်။

အစိုးရအဖွဲ့နှင့်လွှတ်တော်မှ ပြည်သူလူထုအကျိုးအတွက် ရည်ရွယ်ပြဋ္ဌာန်းမှုများအား အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်နေရသော အမှုထမ်း၊ အရာထမ်းများအနေဖြင့် နယ်ပယ်အသီးသီးမှ ထိတွေ့ဆက်ဆံရမည့် ပြည်သူများအတွက် စိတ်ချမ်းသာမှုရှိအောင် ထိရောက်မြန်ဆန်မှုနှင့်အတူ စည်းကမ်းတကျ မူဘောင်နှင့်အညီ မျှတပြီး ကောင်းမွန်သော ဝန်ဆောင်မှုပေးရန်တော့ လိုအပ်မည်ဖြစ်သည်။ လက်တွေ့အကောင်အထည်ဖော်သော အစိုးရဝန်ထမ်းနှင့် ထိတွေ့ဆက်ဆံသော ပြည်သူအကြား မကျေလည်မှုဖြစ်ပေါ်သည်နှင့် ပြဋ္ဌာန်းမှုမည်မျှပင်ကောင်းအောင်စီမံဆောင်ရွက်ပြဋ္ဌာန်းစေကာမူ ပြစ်တင်ရှုတ်ချဆန့်ကျင်ဝေဖန်မှုများနှင့် ရင်ဆိုင်ရမည်ဖြစ်ပါသည်။

အစိုးရအနေဖြင့်လည်း အကောင်အထည်ဖော် ဝန်ထမ်းများဘဝတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့မှုရှိခဲ့သလို နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလအတွင်း (Transition Period) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အရှိန်အဟုန် ပိုမိုကောင်းမွန်ရန် ဝန်ထမ်းများ၏ ဘဝအား ယခုထက် ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေဦးမည်ဖြစ်ပါသည်။

လိုက်နာရန်သတ်မှတ်ချက်ပြဋ္ဌာန်းမှုများသည် သန်း ၆၀ ကျော်သော ပြည်သူတစ်ရပ်လုံးလိုက်နာရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည့်အတွက် ပြဋ္ဌာန်းမှုအပေါ် လေးစားလိုက်နာရန်တာဝန်သိသိ လိုက်နာသူကလိုက်နာဆောင်ရွက်သလို အောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်သူအမှုထမ်း၊ အရာထမ်းများ၏ အဂတိလိုက်စားမှုကြောင့်ပဲဖြစ်စေ၊ တာဝန်ထမ်းဆောင်မှုအပေါ် တာဝန်မကျေ အားနည်းချက်ကြောင့်ပဲ ဖြစ်စေ လိုက်နာရန် သိရှိနားလည်မှုမရှိ၍သော်လည်းကောင်း၊ သိရှိနားလည်လျက် တာဝန်မဲ့စွာ ပျက်ကွက်မှုများဖြစ်ပေါ်ခြင်းသည် လွန်စွာ အရုပ်ဆိုးအကျည်းတန်သော ကိစ္စရပ်များပင်ဖြစ်ပေသည်။ ယနေ့တိုင် နယ်ပယ်၊ ကဏ္ဍအသီးသီးတွင် ပြဋ္ဌာန်းချက်အရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စအဝဝအား လိုက်နာဆောင်ရွက်မှုအားနည်းနေသည်များကို မျက်ဝါးထင်ထင်တွေ့ရှိရဆဲပင်ဖြစ်ပါသည်။

အစိုးရအပေါ် ပြည်သူများ၏ နှစ်ပေါင်းများစွာ ရင်တွင်းသန္ဓေတည်ခဲ့သော 'အာဃာတ' ကြောင့် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသော 'သံသယ' စိတ်များအား ဖြေလျှော့၍ တိုင်းပြည်၏ ကမ္ဘာ့အလယ်တွင် အဘက်ဘက်မှ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့မှုများအား အစိုးရ၏ ပြုပြင်ပြောင်းလဲရေးမူဝါဒအပေါ်တွင် အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ရန် အချိန်တန်ပြီဖြစ်ပါသည်။ ပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီအသွင်ကူးပြောင်းလမ်းကြောင်းကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုကို ပြည်တွင်းသာမက နိုင်ငံတော်အကြီးအကဲသမ္မတကြီး၏ ဥရောပခရီးစဉ်တွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများသည် ရပ်ဆိုင်းထား၍ မရသကဲ့သို့ နောက်ပြန်လှည့်၍မရပါကြောင်း နိုင်ငံတကာမျက်နှာစာတွင် အတိအလင်းဖွင့်ဟပြောဆိုမှုများအပေါ် လှိုက်လှိုက်လှဲလှဲ ကြိုဆိုမိပါသည်။

ဒီမိုကရေစီရှင်သန်ထွန်းကားရန်အတွက် ရှေ့တန်းမှ အတက်ကြွဆုံးပါဝင်လှုပ်ရှားခဲ့သူ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်(ယခု) ပြည်သူ့လွှတ်တော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်သွားရောက်၍ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်အား အခြားနိုင်ငံများမှ ပုံတူကူးချ၍ မဖြစ်နိုင်ကြောင်းနှင့် မိမိနိုင်ငံနှင့် လိုက်လျောညီထွေမည့် ဒီမိုကရေစီစနစ်ဖြင့်သာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အကြောင်း ထည့်သွင်းပြောကြားသွားပါသည်။

ဒီမိုကရေစီ၊ အရင်းရှင်၊ ကွန်မြူနစ် မည်သည့်စနစ်ကိုခံယူကျင့်သုံးသည့်နိုင်ငံဖြစ်စေ ဖော်ပြပါခံယူကျင့်သုံးသည့် နိုင်ငံ၏ ကိုးကွယ်သည့်ဘာသာ၊ ခံယူကျင့်သုံးသည့် အယူဝါဒ၊ လေးစားလိုက်နာရမည့် ဓလေ့ထုံးတမ်းနှင့် ပြည်သူလူထုအကျိုး ကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းမှုများအား လိုက်နာစောင့်ထိန်းရန် လိုအပ်မည်ဖြစ်ပါသည်။ ဒီမိုကရေစီ၊ အရင်းရှင်၊ ကွန်မြူနစ်ပြဋ္ဌာန်းပုံခြင်း တူညီမှုရှိနိုင်မည်မဟုတ်ပါ။ (ဥပမာ) ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံများတွင် ပြဋ္ဌာန်းလိုသော အကြောင်းအရာကို လွှတ်တော် (Parliament)သို့ အဆိုတင်သွင်း အတည်ပြုပြဋ္ဌာန်းသော်လည်း အရင်းရှင်နှင့် ကွန်မြူနစ်နိုင်ငံများတွင် ဤကဲ့သို့ ပြဋ္ဌာန်းချင်မှ ပြဋ္ဌာန်းမည် (သို့သော်လည်း) အများအားဖြင့် တူညီသောဘုံရည်မှန်းချက်မှာ ဘာသာ၊ အယူဝါဒ၊ ဓလေ့ထုံးတမ်းနှင့် ပြည်သူလူထုအကျိုးကာကွယ်စောင့်ရှောက်ရန် ပြဋ္ဌာန်းချက်ပင်ဖြစ်ပါသည်။

လွတ်လပ်မှုသည် ကဏ္ဍအလိုက် လိုအပ်၍ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းမှုများနှင့်လွတ်ကင်းပြီး စည်းကမ်း စနစ်တကျ လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ပြောဆိုရေးသားရန် လိုအပ်ပေမည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အစိုးရဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ချင်း မတူညီသော နိုင်ငံများဖြစ်သော်လည်း ထိုင်းနိုင်ငံတွင် ၎င်းတို့ယုံကြည်လေးစားကိုးကွယ်သော 'ရှင်ဘုရင်'အား 'နှုတ်ဖြင့်ပင်' မထီမဲ့မြင်စော်ကားဝေဖန်သောစကားများ'မပြောဆို' နိုင်သော ဥပဒေပြဋ္ဌာန်းထားသကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း လူသတ်မှုမဆိုထားနှင့် မြန်မာပြည်နှင့် နှိုင်းယှဉ်ပါက မပြောပလောက်သည့် ခိုးမှုများကိုပင် ကြီးလေးပြင်းထန်သော ပြစ်ဒဏ်များ စီရင်နေသည်ကို ဖတ်ရှုသိရှိပြီးဖြစ်ပါမည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အမြန်ဆုံးရှင်သန်ထွန်းကားပြီး ပြုပြင်ပြောင်းလဲမှုအရှိန်အဟုန် ပိုမိုကောင်းမွန်ရန်အတွက် ပြောင်းလဲကျင့်သုံးနေသော မူဝါဒလမ်းစဉ်များနှင့် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ကဏ္ဍအသီးသီးအတွက် မည်သည့်ပြုပြင်ပြောင်းလဲမှုအသစ်ရေးဆွဲပြဋ္ဌာန်းမှုများဖြစ်စေ နယ်ပယ်အသီးသီးမှ ထိတွေ့ဆက်ဆံရမည့် ပြည်သူများသည် ပြစ်တင်ရှုတ်ချ တိုက်ရိုက်ဆန့်ကျင်ဆန္ဒဖော်ထုတ်နေမည့်အစား ဒီမိုကရေစီလမ်းစဉ်နှင့်အညီ အပြုသဘောဆောင် ဝေဖန်အကြံပြု ပူးပေါင်းဆောင်ရွက်ပါက ပိုမိုအကျိုးရှိမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် တိုက်ရိုက်ဆန့်ကျင်မှုများသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်တွင် ပိုမိုကြီးမားသော ရင်ဆိုင်မှုများနှင့်အဟန့်အတားများ ဖြစ်ပေါ်လာမည့်အရေးကို ပြည်သူတစ်ဦးအနေဖြင့် စိုးရိမ်မိသောကြောင့် ဖြစ်ပါသည်။

အနာဂတ်နိုင်ငံတော်အား တည်ငြိမ်အေးချမ်းပြီး စည်းကမ်းပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြင့် တည်ဆောက်ထားသော ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်လာစေရန် ပြည်သူ့အကျိုးမျှော်ကိုးပြီး တစ်ဦးချင်းကိုယ်စီ အတ္တများအား ဖြေလျှော့၍ 'တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး' ဟူသော ဘုံရည်မှန်းချက်ကို သန္နိဋ္ဌာန်ချမှတ်ပြီး အရာခပ်သိမ်းကိစ္စအဝဝအား ဆောင်ရွက်ရာတွင် ရှုထောင့်ပေါင်းစုံမှ စည်းကမ်းတကျ ဝေဖန်သုံးသပ်ပြီး လုပ်ကိုင်ဆောင်ရွက်ပြောဆိုရေးသားမှုများဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြည်သူ့ထဲမှ ပြည်သူတစ်ဦးအနေဖြင့် ကောင်းမွန်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ॥

## (၆၈)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။

(ဂ) ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။

(ဃ) နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။

## နေပြည်တော် ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် ခရေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ဘောလီတံတားဖွင့်ပွဲအခမ်းအနားများကျင်းပ

နေပြည်တော် မတ် ၁၀

နေပြည်တော်ပျဉ်းမနားမြို့ ဘောဂဝတီရပ်ကွက် ခရေလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် ဘောလီတံတားဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက် ၇ နာရီ ၂၀ မိနစ်က ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်းက နေပြည်တော် ပျဉ်းမနားမြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ပျဉ်းမနားမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်တို့က ခရေလမ်းကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကိုဖြတ်သန်းကြည့်ရှုကြသည်။

ဆက်လက်၍ ဘောဂဝတီရပ်ကွက် ခရေလမ်းပေါ်ရှိ ဘောလီတံတားဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားအထူးအဖွဲ့(၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်မောင်ညွန့်တို့က ဘောလီတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘောလီတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် ဘောဂဝတီရပ်ကွက် ခရေလမ်းကတ္တရာလမ်းသစ်သည် ယခင်က မြေသားလမ်းအဖြစ်သာရှိသဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာ လမ်းအရှည်ပေ ၅၃၅၀၊ အကျယ် ၁၂ ပေအား ငွေကျပ် ၉၃၅ သိန်း အကုန်ကျခံဆောင်ရွက်ပေးခဲ့ပြီး ယင်းလမ်းပေါ်ရှိ အရှည်ပေ ၁၀၀၊ အကျယ် ၁၂ ပေရှိ ငလိုက်ချောင်းကူး ဘောလီသံပေါင်သစ်သားကြမ်းခင်းတံတားအား ငွေကျပ် ၃၃၅ သိန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့သဖြင့် ရပ်ကွက်နေပြည်သူများ အာဟာရသုခဈေးနှင့် ပျဉ်းမနားမြို့တွင်းသို့ အဆင်ပြေချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ပြီးဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



## အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ ဖိလစ်ပိုင်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၁၀

အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့ (Governing Body) ဥက္ကဋ္ဌ ဦးရဲတင့်နှင့်အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်ခ၊ ဦးကျော်ဇောနိုင်တို့ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၄ ရက်မှ ၉ ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံရှိ မီဒီယာလုပ်ငန်းများလေ့လာပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

❋ ရွှေဖုံးမှ

အချိန်ကျရောက်နေပြီး အချို့တိုင်များ၊ အခင်း၊ အကာများမှာ နှစ်ပရိစ္ဆေဒကြာမြင့်မှု၊ ရာသီဥတုဒဏ်၊ ရေတိုက်စားမှုဒဏ်တို့ကြောင့် ယိုယွင်းပျက်စီးစပြုလာပြီဖြစ်၍ သက်ဆိုင်ရာအဖွဲ့အစည်းများမှ အချိန်မီပြုပြင်မှုသာ အင်းလေးဒေသ၏ အမှတ်အသားတစ်ခုဖြစ်သည့် အင်းလယ်ဗိုလ်တဲကြီး ခိုင်ခံ့လှပအမြင်တင့်တယ်လာမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ॥

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

## စင်မြင့်ထက်၌ အသက်ရှူရပ်ခဲ့သော်လည်း ဖျော်ဖြေပွဲများ ဆက်လက်ကျင်းပမည့် ဂျက်စတင်ဘီဘာ

ဆယ်ကျော်သက် ပေါ့ပ်ဂီတ ကြယ်ပွင့် ဂျက်စတင်ဘီဘာသည် ကြာသပတေးနေ့က လန်ဒန်၌ ဂီတဖျော်ဖြေပွဲတစ်ခု၌ ဖျော်ဖြေနေစဉ်အတွင်း ဖျော်ဖြေရေးစင်မြင့်ထက်၌ မိနစ် ၂၀ ခန့် အသက်ရှူရပ်တန့်မှု ဝေဒနာကို ခံစားခဲ့ရသော်လည်း သောကြာနေ့တွင် ၎င်း၏ ဖျော်ဖြေရေးအစီအစဉ်များကို ပြန်လည်စတင်ပေးနိုင်ခဲ့သည်။

ဘီဘာသည် ယင်းကဲ့သို့ ဝေဒနာခံစားခဲ့ရပြီးနောက် ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုများ ခံယူခဲ့ပြီးနောက် ၎င်း၏ ဂီတဖျော်ဖြေရေးခရီးစဉ်၌ စီစဉ်ထားသော ဖျော်ဖြေပွဲများကို ပုံမှန်အတိုင်း ဆက်လက် ဖျော်ဖြေသွားနိုင်မည်ဟု မျှော်လင့်ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

"အခုအချိန်မှာတော့ အစာပျော့လေးတွေက ကျွန်တော့်အတွက် အကောင်းဆုံးအစားအစာ ဖြစ်နေပါတယ်"ဟု ဆေးကုသမှုခံယူအပြီး ဘီဘာက ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားဖော်ပြသွားခဲ့သည်။

လန်ဒန်မြို့ရှိ $O_2$ အားကစားရုံခန်းမအတွင်း လေးညတာဖျော်ဖြေတင်ဆက်မှုသည် သောကြာနေ့ညက နောက်ဆုံး ဖျော်ဖြေပွဲဖြစ်ပြီး ဆက်လက်၍ ဘီဘာသည် ၎င်း၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေရေးခရီးစဉ်၏ အစီအစဉ်များအရ လာမည့်



ရက်သတ္တပတ်တွင် စပိန်နှင့် ပေါ်တူဂီနိုင်ငံများသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ပြီး ဩဂုတ်လအထိ ကျန်ရှိနေသော ဖျော်ဖြေပွဲ ပေါင်း ၆၃ ပွဲကို မရပ်မနား ဆက်တိုက်ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

မြိုးစန္ဒာမြင့် ➤ စုစည်းရေးသားသည်

## ကေပေါ့ပ်လောက၏အနာဂတ်အတွက် မျိုးဆက်သစ် Little Psy

တောင်ကိုရီးယား K-pop လောက၏ အသက်အငယ်ဆုံးသော အဖွဲ့ဝင်သစ် တစ်ဦးအနေဖြင့် Little Psy (ခေါ်) ဟွောင်မင်ဝူးက အနုပညာနောင်တော်ကြီးဖြစ်သူ Psy ၏ အမွေကို ဆက်ခံကာ တောင်ကိုရီးယားနိုင်ငံ၌ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ တစ်ခုတွင် ပါဝင်ဖျော်ဖြေသွားခဲ့သည်။

အသက် (၇) နှစ်အရွယ်ရှိ Little Psy (ခေါ်) ဟွောင်မင်ဝူးက နောင်တော် Psy ကဲ့သို့ပင် ကမ္ဘာ့ဂီတလောကတွင် အောင်မြင်ကျော်ကြားသည့် အနုပညာရှင်တစ်ဦးဖြစ်လိုကြောင်းနှင့် ၎င်း၏ အီလက်ထရိုပေါ့ပ် iTunes သီချင်းများသည်လည်း လာမည့်ရက်သတ္တပတ်တွင် ထွက်ရှိနိုင်ရန် စီစဉ်ထားကြောင်း အဆိုပါအခမ်းအနားတွင် ပြောကြားခဲ့သည်။

ဟွောင်မင်ဝူးသည် ၂၀၁၂ ခုနှစ်က ထွက်ရှိခဲ့သည့် Psy ၏ ဂမ်နမ်စတိုင်လ်တေးသီချင်းဗီဒီယိုတွင် ပါဝင်ခဲ့ပြီး ယင်းတေးသီချင်း ကမ္ဘာ့ဂီတလောကတွင် ရေပန်းစားလာပြီးနောက်ပိုင်း ဟွောင်သည် နိုင်ငံခြားသတင်းဌာနများဖြစ်သည့် CNN နှင့် ABC သတင်းဌာနများ၏ စိတ်ဝင်စားမှုကို ခံခဲ့ရသည်။

ဟွောင်သည် ယခုအခါတွင် ပြည်တွင်း ဆုပေးပွဲအခမ်းအနားများတွင် အထူးဧည့်သည်အဖြစ်လည်းကောင်း၊ ရုပ်သံလိုင်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် လည်းကောင်း ပါဝင်ရိုက်ကူးပေးလျက်ရှိပြီး ၎င်း၏ နိုင်ငံရပ်ခြားဖျော်ဖြေရေးခရီးစဉ်များအနေဖြင့် ဖိလစ်ပိုင်၊ ဟောင်ကောင်နှင့် လော့စ်အိန်ဂျလိစ်မြို့များသို့ သွားရောက်ဖျော်ဖြေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဟွောင်မင်ဝူးသည် ၂၀၁၀ ခုနှစ်က ကိုရီးယားရုပ်သံအစီအစဉ်တစ်ခုဖြစ်သည့် Star King အစီအစဉ်တွင် ပရိသတ်၏ အာရုံထားစိတ်ဝင်စားမှုခံခဲ့ရပြီး Korea's Got Talent အစီအစဉ်တွင်လည်း အသက်အရွယ်နှင့်မမျှအောင် ထူးချွန်သော ကကွက်များကြောင့် အကဲဖြတ်ဒိုင်များ၏ ချီးကျူးဂုဏ်ပြုမှုများကို ခံခဲ့ရသည်။

၎င်းအပြင် Korea Times မှ ဂုဏ်ပြုချီးမြှင့်သော ပြည်တွင်းမှ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ပြည်ပနိုင်ငံများသို့ ထိုးဖောက်ချဲ့ထွင်နိုင်သော အနုပညာရှင် ၁၀ ဦးကို ဂုဏ်ပြုချီးမြှင့်သည့် Multicultural Youth Award ဆုပေးပွဲတွင်လည်း ဟွောင်မင်ဝူးက ပါဝင်ခဲ့ပြန်သည်။

ထို့ပြင် ဟွောင်သည် ဖေဖော်ဝါရီလအတွင်းက LG စမတ်ဖုန်း ပရိုမိုးရှင်းပွဲအစီအစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ဂမ်နမ်စတိုင်လ်အပြီး နောက်ထပ်ခြေလှမ်းသစ်အနေဖြင့် ဟွောင်၏ တစ်ကိုယ်တော်အယ်လ်ဘမ်၏ အမည်ကို Showtime ဟု အမည်ပေးထားကြောင်း သတင်းထောက်များကို ထုတ်ဖော်ပြောကြားခဲ့သည်။



ကေပေါ့ပ်လောက၏ မျိုးဆက်သစ် အဆိုတော် Little Psy (ခေါ်) ဟွောင်မင်ဝူး။

## အဆိုတော် BigBang အဖွဲ့က သက်ကြီးရွယ်အိုနှင့်ကလေးများအား ဆန်နှင့်စားစရာများလှူဒါန်း



၂၀၀၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည့် တောင်ကိုရီးယားအမျိုးသားအဆိုတော်အဖွဲ့ BigBang နှင့် ယင်းအုပ်စု၏ အဖွဲ့ဝင်ပရိသတ်တို့က ဆန်နှင့် စားစရာများအား မတ် ၇ ရက်က စုပေါင်းလှူဒါန်းခဲ့သည်။

BigBang နှင့်ပရိသတ်တို့က ဆန် ၁၀ ဒသမ ၅၆၄ တန်အား ကလေးသူငယ်ကာကွယ်ရေး ရှေ့ဆောင်ဌာနသို့ ပေးအပ်ပြီး ကြက်ဥအလုံးရေ ၂၀၀၀ အား ပြည်တွင်းကလေးများ ထောက်ပံ့ရေးဌာနသို့ ပေးအပ် ခဲ့ကာ သက်ကြီးရွယ်အိုများအတွက် ၎င်းတို့နှင့် သင့်လျော်ရာ အစားအသောက်များကိုလည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

လူမှုရေးဝက်ဘ်ဆိုက် Facebook မှ ဆောင်းပါးတစ်ပုဒ်အရ ယင်းလှူဖွယ်ပစ္စည်းများမှာ အဖွဲ့ဝင်ပရိသတ်တို့က BigBang အဆိုတော်အဖွဲ့သို့ ပေးအပ်ကာ ယင်းလှူဒါန်းပွဲ ဖြစ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြား တရုတ်၊ ထိုင်ဝမ်၊ ဂျပန်၊ ဗြိတိန်၊ မက္ကဆီကို၊ အင်ဒိုနီးရှားနှင့် အခြားနိုင်ငံများသို့လည်း BigBang နှင့် ပရိသတ်များက ဆန်များ လှူဒါန်းခဲ့ကြောင်း ဖော်ပြထားသည်။

ဇေယျာလင်း







သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ





## လက်ရာမွန်ပြပွဲ၊ ပဒေသာကပွဲများကျင်းပသည့် ပန်တျာကျောင်းသင်တန်းဆင်း

**မန္တလေး မတ် ၁၀**

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ အနုပညာအထက်တန်းကျောင်း(မန္တလေး)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် နောက်ဆုံးနှစ် သင်တန်းဆင်း အောင်လက်မှတ်အပ်နှင်းပွဲနှင့် ပန်းချီ၊ ပန်းပု လက်ရာမွန်ပြပွဲနှင့် သင်တန်းဆင်းဝတ်စုံပြည့်ကပြပွဲကို မတ် ၅ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးအမျိုးသားကဇာတ်ရုံ၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

ကျောင်းဆင်းလက်ရာမွန်ပြပွဲနှင့် စင်တင်ကပြပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက သင်တန်းဆင်း အမှာစကားပြောကြားသည်။ အစီအစဉ်အရ ပန်တျာနှင့် ပန်းချီ၊ ပန်းပုသင်တန်းများဖြစ်သည့် ပန်းချီ၊ ပန်းပု၊ အက၊ စန္ဒရား၊ နှဲ သင်တန်းများမှ သင်တန်းဆင်း အောင်လက်မှတ်ရရှိသူ ၂၂ ဦး၊ ထူးချွန်ကျောင်းသား ကျောင်းသူ ခြောက်ဦး၊ အလင်းတံခါး ပန်းချီသင်တန်းမှ ပန်းချီ၊ ပန်းပု ထူးချွန်ကျောင်းသား ကျောင်းသူ နှစ်ဦး၊ စာပေထူးချွန်ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ပန်တျာနှင့် ပန်းချီ၊ ပန်းပုသင်တန်းဆင်း အောင်လက်မှတ်များ၊ ထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပန်းချီ၊ ပန်းပု ကျောင်းဆင်းလက်ရာမွန်ပြပွဲကို လှည့်လည်ကြည့်ရှုကြပြီး ပန်တျာဌာနမှ ကျောင်းသား ကျောင်းသူများ တင်ဆက်သည့် ပဒေသာကပွဲနှင့် ရွှဲကုန်သည်ဇာတ်တော်ကြီးကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအနုပညာအထက်တန်း(မန္တလေး)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် နောက်ဆုံးနှစ်သင်တန်းဆင်း အောင်လက်မှတ်အပ်နှင်းပွဲ၊ ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် သင်တန်းဆင်းဝတ်စုံပြည့် ကပြပွဲကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါ်ခင်ကြည်ပြာ၊ လေ့ကျင့်ရေးသုတေသနနှင့် ပြည်ပဆက်ဆံရေးဌာနခွဲ(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းမောင်၊ အနုပညာဦးစီးဌာန ဇာတ်ရုံဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်ကြည်၊ အမျိုးသားကဇာတ်ရုံ(မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြူကြူဝင်း၊ ဆရာ ဆရာမများနှင့် မိဘများ တက်ရောက်ကြသည်။ **(၀၀၂)**

## ပထမဦးဆုံး ပုဂ္ဂလိကဘောလုံးသင်တန်းကျောင်း မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် ဖွင့်လှစ်

**မန္တလေး မတ် ၁၀**

မြန်မာနိုင်ငံမှ လူငယ်ဘောလုံးဝါသနာရှင် ရွက်ပုန်းသီးဘောလုံးသမားများ မြန်မာနေရှင်နယ်လိဂ်လူငယ်အသင်းများသို့ ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားအဖြစ် ဖြစ်လာစေရန်အတွက် ရည်ရွယ်၍ မန္တလေးမြို့ ချမ်းမြသာစည် ဘောလုံးအားကစားကွင်း၌ မတ် ၅ ရက်မှ စတင်ကာ မန္တလေးမြို့တွင် ပထမဦးဆုံးဖွင့်လှစ်ခဲ့ရာ အသက် (၁၆) နှစ်မှ (၂၀) နှစ် သင်တန်းနှင့် အသက် (၁၀) နှစ်မှ (၁၅) နှစ်သင်တန်းသား လူငယ်ဘောလုံး ပါရမီရှင် ၅၂ ဦး တက်ရောက်လျက်ရှိပြီး အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးခင်မောင်လွင်လေးတို့က အုပ်ချုပ်ကြီးကြပ်လျက် ဘရာဇီးနည်းစနစ်မှူး၏ လမ်းညွှန်အကြံပေးမှုနှင့်အတူ Super Star Professional Football Training Center မှ နည်းပြဆရာများအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများဖြစ်သော ဦးခင်မောင်လေး၊ ဦးပေါက်စီ၊ ဦးဟန်ထွန်း၊ ဦးဇော်ဇော်မျိုးနှင့် ဦးစိုးမြတ်မင်းတို့က သင်ကြားပို့ချပေးလျက်ရှိသည်။

ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အလိုတော်ပြည့်ကျောင်းတိုက်အနီး အမှတ် (၃၃၈၃) စစ်တောင်းလမ်း (၆၁) ရပ်ကွက် တိုင်းရင်းသားကျေးရွာအလွန်ရှိ Star Professional Football Training Center မှ ပထမအကြိမ် ဘောလုံးသင်တန်းသားများနှင့် အထက်မြန်မာပြည်လက်ရွေးစင် ဘောလုံးသမားဟောင်းများအသင်းတို့ မတ် ၆ ရက် နံနက်ပိုင်းတွင် ချစ်ကြည်ရေး မိတ်ဆက်ဘောလုံးပွဲ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ နည်းပြဆရာများ၏ သင်ကြားမှု၊ ကစားသမားများ၏ ကြိုးပမ်းမှုတို့ကြောင့် ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့သည့် ပထမအကြိမ်သင်တန်းသားများထဲမှအသက် (၁၆)နှစ်အောက် ပဏာမမြန်မာလူငယ်လက်ရွေးစင်တစ်ဦး ရွေးချယ်ခံရသည့်အပြင် အမာခံလူငယ်ဘောလုံးတစ်သင်းစာ ထွက်ပေါ်လာခဲ့ကြောင်း သိရသည်။

ဝါသနာရှင်၊ ပါရမီရှင်လူငယ်ဘောလုံးသမားများအနေဖြင့် ပရော်ဖက်ရှင်နယ် ဘောလုံးသမားအဖြစ် ဝင်ရောက်လိုသော်လည်း မိမိခြေစွမ်းခြေစများကို ပြသခွင့်မရဘဲ ကလပ်အသင်းများနှင့် အဆက်အသွယ်အချိတ်အဆက် မရှိသောသူများအတွက် ဤသင်တန်းမှဘောလုံးပညာအရည်အသွေးကို ပိုမိုတောက်ပြောင်အောင်သင်တန်းမှနည်းစနစ်ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် နည်းပြများမှ သင်တန်းသားဘောလုံးသမား၏ ခြေစွမ်းခြေစ လိုအပ်ချက်များကို စနစ်တကျစိစစ်၍ ပရော်ဖက်ရှင်နယ် ဘောလုံးသမားတစ်ယောက် ဖြစ်လာစေရန်နှင့် ဘောလုံးအခြေခံမှအစ ကျွမ်းကျင်ထက်မြက်လာစေရန်အတွက် လေ့ကျင့်သင်ကြားပေးကာ ကျောင်းပညာဆက်လက်မသင်ကြားလိုတော့ဘဲ ဘောလုံးဝါသနာထုံသူ လူငယ်များအတွက်လည်းအထူးသီးသန့်သင်ကြားပေး၍ ဤသင်တန်းမှ ဆင်းသက်လာသော သင်တန်းသားများ အနေဖြင့် လူမှုရေးနားလည်တတ်စေရန်နှင့် လိမ္မာရေးခြား ရှိလာစေရန် သွန်သင်ညွှန်ကြားပေးမည် ဖြစ်ကြောင်းကို တာဝန်ရှိသူတစ်ဦးက ပြောကြားသွားပြီး အဆိုပါသင်တန်း တက်လိုသူများအနေဖြင့် မန္တလေးမြို့ ဖုန်း-၀၉-၄၂၈၁၉၄၁၂၉၊ ၀၉-၉၁၀၄၆၃၆၁၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၀၂၇၀၀၄၀၁၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ပခုက္ကူဒေသတစ်ခွင် နွားနှင့် ဆီကြိတ်သောလုပ်ငန်းများ ရှားပါးလာ

**ပခုက္ကူ မတ် ၁၀**

ပခုက္ကူပွဲရုံများသို့ ရေစကြိုနယ်မှ မြေပဲများလှိုင်လှိုင်ဝင်နေပြီး တစ်ပိဿာ ကျပ် ၇၀၀ ဈေးနှင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ရေစကြို မြေပဲသည် သင်္ကြန်ကာလထိ ဝင်လာမစဲဖြစ်နေပြီး ကြိတ်ခွဲသမားများ၊ ဆီစက်သမားများက အများဆုံး ဝယ်ယူနေကြောင်းလည်း သိရသည်။ ပခုက္ကူဆီ ဈေးကွက်တွင် ပဲဆီသန့် တစ်ပိဿာ ကျပ် ၃၄၅၀/၃၅၀၀၊ နှမ်းဆီသန့် ကျပ် ၄၁၀၀/၄၁၅၀၊ စားဆီ ကျပ် ၁၄၈၅/၁၄၉၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ပခုက္ကူဒေသတစ်ခွင် မြေပဲ၊ နှမ်းဆီကြိတ်ရာတွင် စက်နှင့် ကြိတ်သော ဆီလုပ်ငန်းများသာရှိနေပြီး နွားနှင့် ဆီကြိတ်မှုရှားပါး ပျောက်ကွယ်နေသည်ဟုလည်း သိရသည်။ နွားနှင့် ဆီကြိတ်ရသော ဆုံဆီများသည် ဆီထွက်အားကောင်းပြီး သန့်ရှင်းလတ်ဆတ်လျက် ကျန်းမာရေးနှင့် ညီညွတ်၍ တိုင်းရင်းဆေးဆရာများ၊ သက်ကြီးရွယ်အိုများ၊ ဆရာတော်ကြီးများက ဈေးကောင်းပေးဝယ်ယူကြသည်။ ဆုံနှင့် ဆီကြိတ်လျှင် တစ်နာရီခွဲကြာသည်။ ဆီကြိတ်ဆုံအား ထနောင်း၊ ရှား၊ တမာသားများနှင့် လုပ်ကိုင်ကြသည်။ တန်ဖိုး ငွေကျပ် ၆၀၀၀၀ ခန့်ရှိသော်လည်း ဝယ်ယူမှုအားနည်းသွားပြီဖြစ်သည်။ နွားနှင့် ဆီကြိတ်မှု မရှိသော်လည်း စက်နှင့် ဆီကြိတ်သောဆုံဆီသည် တစ်ပိဿာ ကျပ် ၄၀၀၀ /၄၅၀၀ ဝန်းကျင်ရှိသည်ဟု သိရသည်။ **နေဦးမောင် (ပခုက္ကူ)**


### ဝမ်းမြောက်ဂုဏ်ယူခြင်းနှင့်ကျေးဇူးတင်လွှာ

Miss Myanmar International 2013 ပြိုင်ပွဲကြီးတွင် ထိုက်တန်သည့်သရဖူဆောင်းနိုင်ခဲ့သော သမီးငယ် ဂုဏ်ရည်အေးကျော်(ခ)Kit Kit [B.A(English)]; IDCS(UK) ၏ ကြိုးစားမှုနှင့်အောင်မြင်မှုအတွက် မိသားစုမှဝမ်းမြောက်ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် ကျေးဇူးတင်ထိုက်သူများဖြစ်သော Myanmar Tourism Federation နှင့် Organizer Myanmar Tourism Services မှ လူကြီးမင်းများ၊ အကဲဖြတ်ဒိုင်လူကြီးများ၊ မိတ်ကပ်ခင်စန်းဝင်း၊ ဒီဇိုင်နာကောင်းမြတ်နှင့် ကျော်စိုးအောင်၊ မန္တလေးပန်တျာကျောင်းမှ စောင်းဆရာမ ဒေါ်မော်လွင်မြင့်နှင့်ခင်ပွန်း၊ Kit ၏ သူငယ်ချင်းများ၊ Miss Myanmar International ဖြစ်လာစေရန် လမ်းညွှန်ပြသကူညီပေးခဲ့ကြသည့် ဆရာသမားများအားလုံးနှင့် အားပေးကြသော ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ပရိသတ်များအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ဒေါက်တာအေးကျော်(ပြဟ္မစိုရ်ကုသိုလ်ဖြစ်ဆေးခန်း)**
**ဒေါ်ခင်မထွန်း(တရားလွှတ်တော်ရှေ့နေ၊ ဘာဏ်ဥပဒေအကြံပေးရှေ့နေ)**
**Suzuki Hiroshi & စန္ဒီအေးကျော်(တိုကျို-ဂျပန်)**
**Kit Kit(ခ)ဂုဏ်ရည်အေးကျော်**
**(မိသားစု)၊ မန္တလေးမြို့**



### ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၉၆၇ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်သူငယ်ချင်း UNION' 67 ၏ အတွင်းရေးမှူး Dr.အေးကျော်နှင့်ဇနီး ဒေါ်ခင်မထွန်း(တရားလွှတ်တော်ရှေ့နေ/ဘာဏ်ရှေ့နေ)တို့၏သမီးလေး ဂုဏ်ရည်အေးကျော် [B.A(English)]; IDCS (UK)သည် Miss Myanmar International 2013 ဆုကြီးကို ထိုက်တန်စွာ ဆွတ်ခူးရရှိခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

**၁၉၆၇ ခုနှစ် မန္တလေးဆေးတက္ကသိုလ်ဝင်သူငယ်ချင်းဆရာဝန်များ**
**UNION' 67**



**သွေးသည် အသက်**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ ယ/၁၂၂၆၇၂၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မေသော် မှတ်ပုံတင်အမှတ်၉/မထလ(နိုင်)၂၄၈၅၉၉၉မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**



### ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၂၁၉၅၂၊ Honda Dream ND 125 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ယဉ်ယဉ်ဌေး မှတ်ပုံတင်အမှတ်၉/မထလ(နိုင်)၂၀၁၁၆၅၂မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**



### UPM
### ဇီဝိတဒါန

ခွေးကိုက်ခံရပါက ခွေးရူးပြန်ရောဂါ လုံးဝမဖြစ်စေရ
ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်ရေးဓာတ်စာ
ဦးဖိုးမာ LL.B(Advocate)
တရားလွှတ်တော်ရှေ့နေ
၁၉ လမ်း၊ နန်းတော်ရှေ့၊ အောင်ရတနာဗိမာန်တော်အနီး
အကွက်(၄၄)၊ ပါရမီလမ်းသွယ်၊ ဒေါနဘွားရပ်၊ မန္တလေးမြို့
**Ph:09-91017597, 09-5123893**

အခန်းဆက်ဝတ္ထု

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"သိဘူးလေ အေးကိုပြောတာပဲ၊ စင်သီယာက တော့. . . ဟင်း . . . ယူ့ကို မုန်းတယ် သိလား"

"မုန်းတယ် ဘာပြုလို့"

"မုန်းတာပေါ့၊ ယူက သိပ်တတ်နိုင်တဲ့လူ၊ တွေ့စတုန်း ကလည်း တကတည်း တကယ့်ဘုန်းကြီးသေးသေးလေး လေအပြည့်နဲ့၊ ပြီးတော့ အိမ်ကားလာပြင်ပေးတုန်းက လည်း တကယ့်မက္ကင်းနစ်ကြီးဂိုက်နဲ့၊ ယူက စင်သီယာ့ကို အရှူးလုပ်တာကိုး"

"အရှူးမလုပ်ရပါဘူး စင်သီယာရယ်၊ ဟိုတုန်းက ဒီဇင်ဘာကျောင်းပိတ်တုန်းက အမေက ကိုရင်ဝတ်ခိုင်းလို့ ဝတ်နေရတာ၊ ကားလာပြင်ပေးတုန်းကလည်း တကယ် လာပြင်ရတာပဲဟာ၊ အခုလည်း စင်သီယာတို့ခေါ်ရင် ကိုလာပြင်ပေးနေတာပဲမဟုတ်လား"

"တကတည်း တော်ပါတော့၊ စင်သီယာက အဟုတ် ပြောတာ ကျနေတာပဲ"

"နို့ . . . စင်သီယာက မုန်းတယ်ဆို"

စင်သီယာ၏ လှပသော မျက်စောင်းဒဏ်ကို ကျေနပ်ဖွယ်ရာ ခံယူရပြန်၏။

"ယူ . . . သိပ်ဝိတာပဲ၊ ယူ့ကို ဘယ်သူက မုန်းလို့လဲ၊ မုန်းရင် ခုလို လာစကားပြောနေပါ့မလား ကိုယ်တော်ရဲ့"

သူ့ရင်မှာ အေးတစ်လှည့်၊ နွေးတစ်လှည့် ဖြစ်သွားသည်။

သူက စင်သီယာ၏ မျက်နှာလေးကို စိုက်ကြည့်သည်။ စင်သီယာကလည်း မျက်လုံးလွှဲမသွားဘဲ သူ့ကို ပြန်ကြည့်နေ၏။

ခပ်လှမ်းလှမ်းမှ ဂေါက်သီးနှင့် သစ်သားတုတ် ရိုက်မိသံများ ပေါ်လာ၏။

စင်သီယာက လှမ်းကြည့်ပြီး နေရာမှ ထ၏။

"ဟော . . . ကိုးကျင်းဝင်လာကြပြီ၊ ဒက်ဒီတို့များလား မသိဘူး၊ ဒက်ဒီ့ကြိုတဲ့ကားနဲ့ စင်သီယာ လိုက်လာတာ"

သူကလည်း လှမ်းကြည့်သည်။ နံပါတ်ကိုး ဘရောင်း (သဲကွက်)ဆီ ရိုက်လာကြသူများတွင် အရေးပိုင်ကို မမြင်။

ကိုယုကြိုင်ကိုသာ ပုသိမ်ကွင်း၏ ချန်ပီယံများဖြစ်ကြသော ဦးမေရွှင်၊ ဦးဘချူး၊ မစ္စတာဂျော့တို့နှင့်အတူ တွေ့ရ၏။

စင်သီယာက သူ့ဘက်လှည့်ပြီး ပြော၏။

"ဒက်ဒီတော့ ပါမလာသေးဘူး၊ ဒါပေမယ့် လာခါနီးပြီ၊ စင်သီယာ သွားတော့မယ်၊ ဩော် . . . ဒါထက် ယူရေ"

"ဘာလဲ စင်သီယာ"

"ယူ . . . ခုနင်က ရွတ်ပြတဲ့ကဗျာလေး စင်သီယာ့ကို ရေးပေးမလား"

"ဘယ်ကဗျာဟာလဲ"

"စင်သီယာ့နာမည် ပါတာလေ"

"စင်သီယာလိုချင်ရင် ကိုယ်ရေးခဲ့မယ်လေ"

"ရေးခဲ့၊ မနက်ဖြန် စင်သီယာ ဒီပဲ လာခဲ့မယ်၊ စောင့်နေနော်"

"ကောင်းပါပြီ စင်သီယာ"

စင်သီယာက သူ့ကို အပြုံးလေးနှင့် နှုတ်ဆက်ပြီး ဂေါက်ကလပ် အဆောက်အအုံဆီ ပြန်ပြေးသွား၏။

မြတ်နိုးစုံမက်ခြင်း၊ ကျေနပ်နှစ်သိမ့်ခြင်း၊ ကြည်နူး ဝမ်းသာခြင်းတို့ ပေါင်းစပ်ရောယှက်သောရင်ဖြင့် မြင့်နွယ် သည်သူ့ပြာသွယ်ညို့ကို မျက်စိတစ်ဆုံး ငေးကြည့်ကျန်ရစ် သည်။

ကန်စောင်းမှာ သူက ဆက်ထိုင်သည်။

ဥသြသံကို ကြားရသည်။ ဥသြသံသည် ခါတိုင်းနှစ်ထက် ပို၍ချိုသည်ဟု ထင်မိသည်။ ဩော် . . . ပတ်ဝန်းကျင်တစ်ခုလုံးသည် ခါတိုင်းထက် ပိုလှနေပါ၏။

ပိုလှသည်ပေါ့၊ ကိုယ့်ရင်မှာက လသာနေသည်ကိုး။ ကိုယ့်ရင်တစ်ခုလုံး ထိန်အောင် ငွေလက သာနေသည်ကိုး။

မြင့်နွယ်သည် စင်သီယာ့အတွက် သူစပ်ထားသော ကဗျာကို တိုးတိုးပြန်ရွတ်သည်။

"ရင်မှသော်တာ၊ လစန္ဒာမို့ သီတာလွင်လွင်၊ လှထွတ်တင်ကို၊ သဇင်တနှုန်း၊ အင်ဂမုန်းသို့၊ နောင့်ဘုန်းသည်းအူ၊ မှတ်၍ယူသည်၊ ကြည်ဖြူနောင့်သက် ခိုင်မျှတည်း"

နောင့်သက်ခိုင်သမျှ၊ ကိုယ့်အသက်ခိုင်သမျှ။

ဦးမြင့်နွယ်သည် လှဲနေရာမှ ထလိုက်သည်။ ဝမ်းနည်းစွာလည်း ပြုံးမိ၏။

ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း၊ ရှေးစကားပုံတွေကလည်း ဆိုထားသည်။

စကားပုံရှိသည်လည်း ဟုတ်သည်။ လူ့သဘာဝလည်း မှန်သည်။ ကဗျာသဘော စာသဘောအရလည်း လှသည်။

"ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာ၊ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်း၊ ရှေးစကားပုံတွေ ကလည်း ဆိုထားသည်။ စကားပုံရှိသည်လည်း ဟုတ် သည်။ လူ့သဘာဝလည်း မှန်သည်။ ကဗျာသဘော စာသဘောအရလည်း လှသည်။"

သို့ရာတွင် စိတ်သဘောအရမူ အတိတ်ဥခွံတွင်းမှ မထွက်မြောက် မပေါက်ဖွားနိုင်ခြင်းသာဖြစ်သည်။ တရားသဘောနှင့်ဆင်ခြင်ပြန်တော့ ဥပါဒါန်။

ဩော် . . . မွှန်မွှန့်သီချင်းက စာသားလေးအတိုင်း ဘာတဲ့ . . . ။

"တိမ်ညိုမွဲနဲ့ ငိုပွဲဆင် မောထိုက်ပြီထင်၊ သမုဒ္ဒါဒ နောက်ကြောင်းငင်၊ မိုးနတ်မောင် ဥပါဒါန် လုလင်"

ဦးမြင့်နွယ်က လှုပ်ရှားသော စိတ်ငြိမ်ရန် တစ်စုံတစ်ခုလုပ်မည် ဆုံးဖြတ်၏။

ခရီးထွက်ရဦးမည်ကို သတိရသည်။ သာစည်ဆိုတော့ ကိုယ့်ကားနှင့်ပင် ကိုယ်သွားမည်။ ဆရာဦးဆန်းထွန်းကလည်း မိမိကားနှင့်လိုက်မည်ဟု ပြောထားသည်။ ဆရာနှင့်အတူ ခရီးထွက်ရလျှင်ကား ပျင်းဖွယ်မရှိ။ ဗဟုသုတလည်း တိုးဦးမည်။

အချိန်မှာ ငါးနာရီမထိုးသေးသဖြင့် နေရောင်ကောင်းကောင်းရှိသေးသည်။ ခရီးလမ်းမှာ စိတ်ချရအောင် ကားကို စစ်ဆေးလျှင် ကောင်းမည်။

ဦးမြင့်နွယ်သည် စပို့ရှပ်လက်တိုနှင့် ရှမ်းဘောင်းဘီဝတ်ပြီး ကားရုံဆီသို့ ဆင်းခဲ့၏။

ကားဦးဖုံးကို ဖွင့်ပြီး မီးပေးစနစ် အစိတ်အပိုင်းတို့ကို အရင်စစ်သည်။

မျက်လုံးတို့က ဒစ်စတြီဗျူတာဆီ ရောက်သွားသည်။

အပေါ်မှ အုပ်ထားသော ရော်ဘာစွပ်ကို လှန်ချွတ်လိုက်သောအခါ ကက်ပ်ဖုံးလေးက ပေါ်လာသည်။

ဦးတုတ်ဝင်း၏ အမှာစကားကို သတိရမိသည်။ မွှန်မွှန့်ကို သူမှာလိုက်သော စကားတို့ကိုလည်း သတိရမိသည်။

ထူးထူးဆန်းဆန်း အတွေးအခေါ်တစ်ခုကလည်း ခေါင်းတွင်းဝင်လာသည်။

အပြစ်အနာလေးနှင့်ဖြစ်သော်လည်း သူ့အလုပ်သူလုပ်နိုင်သေးသော ဤကက်ပ်ဖုံးလေးသည် အသုံးဝင်နေပါသေး၏။

အသည်းမှာ ဒဏ်ရာလေးနှင့် ဖြစ်သော်လည်း ကိုယ့်ဘဝလမ်းကိုယ် လျှောက်နိုင်သေးသောလူသည် အင်း. . . သည်လောကမှာ အသုံးဝင်ပါသေး၏။

အသုံးဝင်ပါသေး၏။

စိတ်ပညာ သင်တန်းခန်းမတွင် ဖြစ်၏။

ဦးမြင့်နွယ်သည် ကျောက်သင်ပုန်းကြီးပေါ်၌ 'ဆိုက်ကိုနျူရိုးဆစ်'ဟူသော စာလုံးများကို လက်ရေးကြီးကြီးဖြင့်ရေးလိုက်၏။

တပည့်များထံမှ စိတ်ဝင်စားမှုဖော်ပြသောအသံများ ဟဲကနဲ ထွက်လာ၏။

ဦးမြင့်နွယ်က စတင်ပို့ချ၏။

"ဒီစကားကို တပည့်တို့ စိတ်ပညာ မယူခင်ကတည်းက ကြားဖူးပြီး ဖြစ်ကြလိမ့်မယ်ထင်တယ်၊ ဘာဆိုတာလဲ ဝေဝေဝါးဝါး နားလည်သလိုလိုလဲ ရှိကြမယ်ထင်တယ်၊ ဒီနေ့တော့ စနစ်တကျ တို့ဆွေးနွေးလေ့လာကြရအောင်။

လူတစ်ယောက်မှာ ဝေဒနာတစ်ရပ်သော်လည်းကောင်း၊ ဖြစ်ရိုးဖြစ်စဉ်မဟုတ်တဲ့ အပြုအမူတစ်ရပ်သော်လည်းကောင်းရှိနေတယ် ဆိုကြပါစို့၊ အဲဒီ ဝေဒနာ၊ အဲဒီ အပြုအမူနဲ့ ဆက်စပ်နေတဲ့ ရုပ်ခန္ဓာပိုင်းဆိုင်ရာ အခြေခံတစ်ခုခုကိုလည်း တွေ့တယ် ဆိုကြပါစို့၊ ဘေးလူတွေနဲ့တကွ ကာယကံရှင်ဟာ 'ဘာကြောင့်မို့ ဘာဖြစ်နေတယ်' ဆိုတာ နားလည်သဘောပေါက်ကြတယ်။

ဒါပေမယ့် လူအချို့မှာ ဝေဒနာသော်လည်းကောင်း၊ မိမိကိုယ်၌မနှစ်သက်၊ လက်မခံချင်ဘဲလျက်က မတားနိုင်မဆီးနိုင်တဲ့ အပြုအမူမျိုးသော်လည်းကောင်း ရှိနေတတ်တယ်၊ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးနည်းတွေနဲ့ အမျိုးမျိုးအစစ်ဆေးခံ ကြည့်တော့လည်းပဲ ရုပ်ခန္ဓာ ရောဂါဗေဒနဲ့ဆိုင်တဲ့ အခြေခံအချက်အလက် တစ်ခုကိုမှမတွေ့ရဘူး၊ ဒီလိုလူမျိုးတွေကို ယေဘုယျအားဖြင့် စိတ်ရောဂါရှင်တွေလို့ သတ်မှတ်ကြတယ်၊ ဘေးလူတွေနဲ့တကွ ကာယကံရှင်ဟာ ဘာကြောင့်မို့ ဘာဖြစ်နေတယ်ဆိုတာ အလွယ်တကူ နားလည်သဘောပေါက်နိုင်ခြင်းမရှိဘူး။

စိတ်ရောဂါကို အဓိက အမျိုးကြီးနှစ်မျိုးခွဲနိုင်တယ်၊ တစ်မျိုးက 'နျူရိုးဆစ်'၊ တစ်မျိုးက 'ဆိုက်ကိုးဆစ်'။

ဒီနေ့ နျူရိုးဆစ်အကြောင်း အသေးစိတ်စကြရအောင်၊ မိုငြမ်းပြုဖို့ကတော့ 'လင်းဒစ်စ်'နဲ့ 'ဘိုးလေးစ်'တို့ရဲ့ 'စံလွဲစိတ်ပညာ' စာအုပ်အခန်းခြောက်ကို ဆရာညွှန်တယ်။

နျူရိုးဆစ် ဆိုတဲ့စကားက မူလမှာတော့ နာ့ဗ်ကြောရောဂါကို ဆိုလိုခဲ့တယ်၊ ဒါပေမယ့် လေ့လာတွေ့ရှိချက်တွေအရ နာ့ဗ်ကြောရောဂါလည်းမဟုတ်ဘူး၊ ဒါကြောင့် ဆိုက်ကိုနျူရိုးဆစ် ဆိုတဲ့စကားကို တီထွင်သုံးရပြန်တယ်၊ စိတ်နဲ့ နာ့ဗ်ကြောရောဂါလို့ တည့်တည့်ပြန်ရင် အဓိပ္ပာယ်ဒီလိုထွက်နေတယ်၊ ဒီနာမည်ဟာလည်း စိတ်ကျေနပ်ဖွယ် မရှိပြန်ဘူး၊ နာမည်ဟာ နာမည်သာပါပဲ၊နာမည်ကနေဆိုလိုတဲ့ သဘောအကုန်လုံးကို မသိနိုင်ဘူး၊ ဒီတော့ သီးသန့်အနက်ဖွင့်ဆိုရတယ်။

ယေဘုယျအားဖြင့်တော့ ခိုင်မြဲရှည်ကြာပြီး အထွေထွေသဘောကိုဆောင်တဲ့ မနှစ်မြို့ မလိုလားဖွယ်သော စိတ်လှုပ်ရှားမှု အခြေအနေကို ဆိုက်ကိုနျူရိုးဆစ်လို့ ခေါ်တယ်၊ ဒီအခြေအနေကို လူအချို့မှာသာ တွေ့ရတယ်၊ ဒီအခြေအနေကိုဖြစ်ပေါ်စေတဲ့ ရုပ်ခန္ဓာ ရောဂါဗေဒ အခြေခံဟာမရှိဘူး၊ ဒီထက်ပိုပြီး ခွဲခွဲခြားခြား သတ်သတ်မှတ်မှတ် အနက်ပေးမယ်ဆိုရင်တော့ စိုးရိမ်ခြင်း၊ ကြောင်းကျိုးဆီလျော်မှုကင်းစွာ ကြောက်ရွံ့ခြင်း၊ အဓိပ္ပာယ်မဲ့သယောင်ဖြစ်တဲ့ အပြုအမူတစ်ခုကိုမလုပ်မနေနိုင်ခြင်း၊ အတွေးတစ်ခု ဒါမှမဟုတ် သဘောတစ်ခု ဒါမှမဟုတ် ခံစားမှုတစ်ခုဟာ စိတ်မှာမပေါ်ဘဲ မနေနိုင်ခြင်း၊ရုပ်ခန္ဓာ အခြေခံဘာမှမရှိဘဲ ရုပ်ခန္ဓာ ဒုက္ခတစ်ခုခု ဖြစ်နေခြင်း စတဲ့ ဖြစ်ရိုးဖြစ်စဉ် အခြေအနေ စံတွေကလွဲနေတဲ့၊ စံလွဲမှုတွေကို ဆိုက်ကိုနျူရိုးဆစ်လို့ ခေါ်တယ်။

အခု ရေတွက်ပြခဲ့တဲ့ လက္ခဏာတွေဟာ သာမန်လူတိုင်းထဲက လူတွေမှာကော မရှိဘူးလားလို့ မေးရင် အနည်းနှင့်အများတော့ ရှိကြတာချည်းပဲ၊ ခြားနားတာက ဆိုက်ကိုနျူရိုးဆစ် ရောဂါရှင်မှာက အဲဒီလက္ခဏာဟာ စွဲမြဲပြီး တာရှည်တယ်၊သူ့ရဲ့ ဘဝဟန်ပန်ဖြစ်နေတယ်"

(ဆက်လက်ဖော်ပြပါမည်)

သာကေတမြို့နယ် ၊ ရွှေခင်းသာလမ်းမကြီး ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်းအတွင်းရှိ
**HTET OO MARITIME TRAINING INSTITUTE**
တွင် D.M.A အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသော ဝါရင့်ရေယာဉ်မှူးအရာရှိအရာခံနှင့် ဆရာများကိုယ်တိုင် ကြီးကြပ်လျက် -

၁။ BST (4 tickets)
၂။ Pre-sea Course (Deck)
၃။ Tanker Familiarization Course (T.F)

တို့ကို စတင်ဖွင့်လှစ်နေပြီဖြစ်သဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။ သင်္ဘောသားသင်တန်းဆင်းပြီးပါက အလုပ်အကိုင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည်။

ဆက်သွယ်ရန်လိပ်စာ

(၁) သာကေတမြို့နယ် ၊ရွှေခင်းသာလမ်းမကြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောဆိပ်ကမ်းဝန်း အတွင်းရှိ ထက်ဦးသင်္ဘောသင်တန်းကျောင်း
Ph/Fax:01-544562 , 098553104 , Email : htetoo.maritime@gmail.com
(၂) အမှတ်-က/၁၆၈၊ဒေါပုံသင်္ဘောကျင်းလမ်း၊ယမုံနာ(၂)ရပ်ကွက်၊ဒေါပုံမြို့နယ်။
Ph: 09 421154222



## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
## FM Transmitter များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နယ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ(၁၃)ရုံတွင်တပ်ဆင်ရန် FM Transmitter များ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) FM Transmitter & Accessories Harris(USA) 13 Lots

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၃-၂၀၁၃ ရက်မှစတင်၍ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၈-၃-၂၀၁၃ ရက်၊ နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

၅။ ဝယ်ယူမည့်ပစ္စည်းများ၏ အရည်အသွေးနှင့် စျေးနှုန်းစိစစ်မှုကို ၂၂-၃-၂၀၁၃ ရက် နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

**စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၇၉၄၁၀၊ ၀၆၇-၇၉၁၃၅**

**ကုက္ကိုင်းဈေးကုန်းအသင်း** ပရဝုဏ်အတွင်းရှိ ဘားနှင့်စားသောက်ဆိုင်ကိုအသင်းဝင်မိသားစုများအဆင်ပြေစိတ်ချမ်းမြေ့စွာဖြင့်စားသောက်အပန်းဖြေအနားယူနိုင်ရန် အတွက် ဘားနှင့်စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်ခွင့်ကိုငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသူစားသောက်ဆိုင်လုပ်ငန်းရှင်များသည်(၂၀. ၃. ၂၀၁၃)ရက်နေ့ညနေ(၄း၀၀)နာရီနောက်ဆုံးထား၍အသင်းရုံးခန်းသို့လာရောက်စုံစမ်းလျှောက်ထားနိုင်ပါသည်။

ကုက္ကိုင်းဈေးကုန်းအသင်းအမှုဆောင်ကော်မတီ
၀၁-၄၀၁၀၄၆၇၊၀၉-၇၃၂၂၄၀၅၉

## မြန်မာနိုင်ငံဆေးကောင်စီ
## ကြေညာချက်

၁။ မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေကို ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက်တွင် ပြဋ္ဌာန်းခဲ့သည်။

၂။ အဆိုပါ ဥပဒေ အခန်း(၁)၊ ပုဒ်မ-၂ (ဈ)တွင်၊ ကန့်သတ်ဆေးကုသခွင့်လိုင်စင်ဆိုသည်မှာ နိုင်ငံခြားသား ဆရာဝန်အား ကုသခွင့်ရှိသော ဆေးပညာ ဘာသာရပ် အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

၃။ အဆိုပါဥပဒေ အခန်း(၁၄)ပုဒ်မ-၃၈ အရ၊ မည်သူမျှ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်မရှိဘဲ ဆေးကုသခြင်း မပြုရ။

၄။ သို့ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အခြားဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများသည် နိုင်ငံခြားသား ဆရာဝန်များနှင့် သဘောတူညီမှုဖြင့်သော်လည်းကောင်း၊ ပူးပေါင်း၍ သော်လည်းကောင်း၊ မြန်မာနိုင်ငံ မည်သည့်နေရာတွင်မဆို ဆေးကုသခြင်း ဆောင်ရွက်မည်ဆိုပါက သတ်မှတ်ထားသည့် အထောက်အထားများ၊ စည်းကမ်းချက်များနှင့်အညီ မြန်မာနိုင်ငံဆေးကောင်စီတွင် ကန့်သတ်ဆေးကုသခွင့်လိုင်စင်ကို လျှောက်ထားရမည်။

၅။ အဆိုပါ ဥပဒေ အခန်း (၁၄) ပုဒ်မ-၄၁ တွင် မည်သူမဆို ပုဒ်မ-၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၅)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၆။ သို့ပါ၍ နိုင်ငံခြားသား ဆရာဝန်များသည်လည်းကောင်း၊ ထိုသူတို့အား တာဝန်ခံသည့် ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် လူမှုရေးအဖွဲ့အစည်းများ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသည်လည်းကောင်း ဤဥပဒေနှင့်အညီ ဆောင်ရွက်ကြပါရန်အသိပေးကြေညာလိုက်သည်။

**မြန်မာနိုင်ငံဆေးကောင်စီ**

လူတိုင်း ၊ အိမ်တိုင်း ၊ ကုမ္ပဏီ ၊လုပ်ငန်း အဖွဲ့အစည်းတိုင်း
မဖြစ်မနေဆောင်ထားရမည့်
**မြန်မာပြည်ခရီးသွားလမ်းညွှန်(၂၀၁၃)**
(အင်္ဂလိပ် / မြန်မာ နှစ်ဘာသာ)
အဓိကမြို့များ စာအုပ်ဆိုင်များနှင့် Super-market ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။
☎ 703220 , 200276,09-73124222

## ရွှေမြင့်မိုရ်ဆရာတော်မိုးကုတ်ဝိပဿနာတရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၁)ဝိုင်းကျောင်းတိုက် ရွှေမြင့်မိုရ်မိုးကုတ်ဝိပဿနာဓမ္မရိပ်သာတွင် ၁၇-၃-၂၀၁၃ရက်မှ ၂၇-၃-၂၀၁၃ရက်ထိ (၁၀)ရက်တရားစခန်းပွဲနှင့် ရွှေတိဂုံဘုရားမြောက်ဘက်မုခ် အာဇာနည်ဗိမာန်လမ်း၌ရှိသော ပခုက္ကူဓမ္မာရုံကြီးတွင် ၂၈-၃-၂၀၁၃ရက်မှ ၃-၄-၂၀၁၃ရက်ထိ (၇)ရက်တရားစခန်းတို့ကို ရွှေမြင့်မိုရ်ဆရာတော်အရှင်သောဘဏ(ပိဋကတစ်ပုံအောင်)ဒီဃနိကာယဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊ ဒီဃနိကာယကောဝိဒ၊ ဓမ္မကထိကဗဟုဇနဟိတဓရအရှင်သူမြတ်မှ ဟောကြားပို့ချမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို ဆက်ကပ်လှူဒါန်းလိုသူများ အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြပါသည်။

**ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့**
**ဖုန်း-၅၇၁၂၅၈၊ ၈၅၀၀၃၄၅၊ ၀၉-၄၂၀၀၇၀၇၈၉၊ ၀၉-၄၂၁၁၇၇၂၃၁၊ ၀၉-၄၂၁၀၀၉၈၇၃**
**ပခုက္ကူဓမ္မာရုံအကျိုးဆောင်အဖွဲ့**
**ဖုန်း-၃၈၃၅၁၁ လိုင်းခွဲ(၂၅၁)**

## မူဆယ်ဒေသတိုင်းရင်းသားစက်ယန္တရားလုပ်ငန်းရှင်များအသင်း
## ဝန်ထမ်းခေါ်ယူခြင်း

မူဆယ်ဒေသတိုင်းရင်းသားစက်ယန္တရားလုပ်ငန်းရှင်များအသင်းတွင် လုပ်ငန်းအမျိုးအစား (၁၁)မျိုး၌ဝန်ထမ်း ပေါင်း၂၈ဦးအလိုရှိကြောင်း ကြော်ငြာစာအား ၂၅-၂-၂၀၁၃ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၂၀)တွင် အပြည့်အစုံကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

အလုပ်ခေါ်စာအား စိတ်ဝင်စားသူများအနေဖြင့် ၂၀-၃-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာ ဖုန်းနံပါတ် E-mail သို့ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပါသည်။

- အမှတ်- ၅၂၊ ကောင်းမှုတံုရပ်ကွက်၊ မူဆယ်မြို့။
- ဖုန်း- ၀၉-၅၂၃၄၇၇၊ ၀၈၂-၅၀၂၀၇၊ ၀၈၂-၅၂၇၇၆

mobile ph(+86) 6848588
E-mail:namoa.muse @ gmail.com

## လေလံကြော်ငြာ

မင်္ဂလာဒုံတပ်မြို့ စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၃၊ ၂၀၁၄ ခုဘဏ္ဍာရေးနှစ်အတွက် အောက်ပါအခွင့်အရေးလိုင်စင်များကို ၂၀၁၃ ခု၊ မတ်လ ၂၅ ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆိုဆွဲဝယ်နိုင်ပါကြောင်း။

(၁) အသားများ ထုတ်လုပ်ရောင်းချခွင့်လုပ်ငန်းလိုင်စင်
(၂) စက္ကူဟောင်း၊ ပုလင်းခွံ/ဘူးခွံနှင့် ဂုံနီအိတ်စသည်များ သိမ်းဆည်းခြင်းလုပ်ငန်းလိုင်စင်
(၃) အိမ်သာလိုင်စင်များ
(၄) အပေါင်ဆိုင်လိုင်စင်များ

အသေးစိတ်သိလိုပါက၊ မင်္ဂလာဒုံတပ်မြို့၊ စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မင်္ဂလာဒုံ**

# လေယာဉ်မောင်းသင်တန်းသား/သူများလျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတွင် ပထမဦးဆုံးထူထောင်လိုက်သည့် အရပ်ဘက်ဆိုင်ရာလေယာဉ်မောင်းသင်တန်းတစ်ခုဖြစ်သော မြန်မာလေကြောင်းအကယ်ဒမီ (Myanmar Aviation Academy)တွင် ဖွင့်လှစ်ပို့ချမည့်အမှတ်စဉ်(၁) Commercial Polot Licence (CPL) Instrument Rating(IR) Airline Transport Polot Licence (ATPL) (Frozen) လေယာဉ်မောင်းသင်တန်းသို့ တက်ရောက်သင်ကြားလိုသည့် အောက်ဖော်ပြပါ အရည်အချင်းများနှင့် ကိုက်ညီသူ မြန်မာနိုင်ငံသား/သူများလျှောက်ထားနိုင်ပါသည်-

(က) ၂၀၁၃ခုနှစ်၊ ဧပြီလ ၁ရက်တွင် အသက်(၁၇)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ခ) အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) အင်္ဂလိပ်စာ၊ စကားကျွမ်းကျင်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးအဆင့် Class (၁)ရှိသူဖြစ်ရမည်။ မြို့ပြလေကြောင်းဦးစီးဌာနမှ အသိအမှတ်ပြုထားသည့် လေကြောင်းဆေးပညာပါရဂူနှင့် စစ်ဆေးပါမည်။

၂။ သင်တန်းကို European Aviation Safety Agency(EASA) မှ အသိအမှတ်ပြုထားသည့်သင်ရိုး ညွှန်းတမ်းအတိုင်းသင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလ ၂၀လမှ ၂၄လအထိကြာမြင့်ပါမည်။ သင်တန်းပြီးဆုံး အောင်မြင်ပါက CPL with IR,ATPL (Frozen)လေယာဉ်မောင်းလိုင်စင်များရရှိမည်ဖြစ်ပြီး လေကြောင်းလိုင်းများတွင် တွဲဖက်လေယာဉ်မှူးအဖြစ် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူများသည် သင်တန်းဝင်ခွင့်စာမေးပွဲအဖြစ် သင်္ချာ၊ ရူပဗေဒနှင့်အင်္ဂလိပ်စာဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး သင်တန်းဝင်ခွင့်ကို စာမေးပွဲရမှတ်ပေါ်မူတည်၍ ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံကို အောက်ဖော်ပြပါလိပ်စာတွင် ရယူပြီးပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းထောက်ခံစာ(မူရင်း)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ(မူရင်း)အခြေခံပညာအထက်တန်းအောင်လက်မှတ်(မိတ္တူ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)မိဘ(အုပ်ထိန်းသူ) သဘောတူကြောင်းထောက်ခံချက်၊ သက်ဆိုင်ရာမြို့နယ်၊ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးကောင်းမွန်ကြောင်း လက်မှတ် (မူရင်း)တို့နှင့်အတူ Myanmar Aviation Academy ရုံးချုပ်သို့ပေးပို့လျှောက်ထားကြရန် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည်များရှိပါက လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ ဖုန်းနံပါတ်-၀၁-၅၅၁၂၂၉ သို့ ဆက်သွယ်၍သော်လည်းကောင်းစုံစမ်းနိုင်ပါသည်။

**Myanmar Aviation Academy**
**အမှတ်(၀၀၄)ကွန်ဒို၊ (ဃ) တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီးသန်းလှ(စစ်သံမှူး-ငြိမ်း)
**(ကြည်း-၆၉၅၁) (OTS 12 Course)**
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၃/ဃ)၊ သစ္စာလမ်း၊ သုခဝတီ (၆)ရပ်ကွက်နေ (ဦးဘအင်-ဒေါ်လေးမေ)တို့၏သား၊ (ဦးဉာဏ်-ဒေါ်မူလေး)တို့၏သားသမက်၊ (ဒေါ်စောရီ)၏တူ၊ ပါမောက္ခဒေါ်တင်ရီ(ဌာနမှူး-ငြိမ်း၊ မနုဿဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၏ခင်ပွန်း၊ ဦးရွှေကြည်-ဒေါ်တင်ရီ၊ ဦးစိုးမြင့်-ဒေါ်သောင်း၊ ဦးစိုးညွန့်-ဒေါ်အုန်းမြင့်တို့၏အစ်ကိုကြီး၊ (ဦးစဝ်ဝင်းရွှေ)-ဒေါ်တင်ကြည်တို့၏မောင်၊ ဦးဘစိန်-(ဒေါ်ခင်စိန်အေး)၊ (ဦးတင့်ဝေ)-ဒေါ်ခင်မြင့်ထွေး၊ ဦးမျိုးတင့်-ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ခင်သောင်း၊ ဦးမောင်မောင်ဝင်းတို့၏အစ်ကို၊ အမေရိကန်နိုင်ငံ New York မြို့နေ ဆရာဝန်ကြီး Dr. ဦးညီညီသန်း-ဒေါ်ဝါဝါသန်းတို့၏မွေးသဖခင်၊ ဦးမျိုးမြင့်သန်း-ဒေါ်ခင်နွယ်ဦး၊ ဒေါ်ခင်ဥမ္မာ၊ ဒေါ်ခင်မြသွေး၊ ဦးစိုးသိန်း-ဒေါ်ခင်ခင်လေး၊ ဦးကိုကိုနိုင်-မမာလာအေး၊ ဦးကိုကိုအောင်-မဥမ္မာကြိုင်၊ Mr. Carl Thomas- May Thomas၊ စိုင်းကိုကို-နန်းလှဝင်း၊ ကိုသားပု၊ ဦးဇော်မိုး၊ ဦးကျော်စွာ၊ Dr. ဒေါ်စန်းငွေဥ၊ ဦးမင်းသူရိန်၊ ဒေါ်သီသီထက်၊ ဦးစိုးသက်မောင်-ဒေါ်နုနုအိ၊ ဦးမင်းသိုက်တို့၏ဘဘကြီး၊ အိမ့်မျက်ချယ်သန်း၊ သက်လှယ်သန်းတို့၏ဘိုးဘိုးသည် ၈-၃-၂၀၁၃ (သောကြာနေ့) ညနေ ၃း၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်စိန်စိန်မြင့် (၆၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ လမ်း(၅၀)နေ (ဦးထွန်းညို-ဒေါ်သန်းရီ)တို့၏သမီး၊ ဗိုလ်ကြီးတင်မြင့်(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်ခင်ခင်ကြီးတို့၏ညီမ၊ ဦးသိဒ္ဓိ (NEW ASIA SHIPPING)-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ မသီတာမြင့်ဦး၊ ကိုညီညီမြင့်-မအေးအေးခိုင်၊ ကိုအောင်အောင်မြင့်(TUNGA PURI HOTEL၊ နေပြည်တော်)-မလဲ့လဲ့၊ ကိုအောင်အောင်-မစန္ဒာမြင့်(ပဲခူး)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား ဒေါ်စိန်စိန်မြင့်သည် ၇-၃-၂၀၁၃(ကြာသပတေးနေ့) နံနက် ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၃(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## (၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
## ဒေါ်ခင်ခင်ဝင်း(ဘူမိဗေဒအရာရှိ-ငြိမ်း)
**Asia Guiding Star Services Co., Ltd.**
**(၁၁-၃-၂၀၁၁၊ ၁၁-၃-၂၀၁၃)**

လွန်ခဲ့တဲ့(၂)နှစ် ဒီနေ့မှာ အေးမြလုံခြုံနွေးထွေးတဲ့ 'အမေ'ဆိုတဲ့ အရိပ်ခိုလှုံခွင့် ပျောက်ဆုံးခဲ့တဲ့နေ့ပေါ့။ အတုအယောင်တွေထဲ စစ်မှန်တဲ့'အမေ့'ရဲ့ မေတ္တာကိုတမ်းတတယ်။ အမေ့အတွက် နေ့စဉ်မဖြစ်မနေ ကုသိုလ်ပြု အမျှဝေပြီး အမေရောက်ရာ နေရာဌာနမှာ အေးချမ်းပျော်ရွှင်နေပါစေလို့ သမီးတို့ ဆုတောင်းပါတယ်။

**မေကြီးရဲ့ ပုံပုံ-ဗိဗိ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လှ (၈၃)နှစ်

ဦးစန်းမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ကုန်းလမ်းပို့ဆောင်ရေး)-ဒေါ်ခင်မြဝင်း (လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ ထွေ-အုပ်)တို့၏ မိခင်ကြီးသည် ၉-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခရီးသည်ပို့ဆောင်ရေးဌာန၊ ဝန်ထမ်းမိသားစုများ**
**ကုန်းလမ်းပို့ဆောင်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လှ (၈၃)နှစ်

ဦးစန်းမြင့်ဦး(ဦးဆောင်ညွှန်ကြားရေးမှူး၊ကုန်းလမ်းပို့ဆောင်ရေး)-ဒေါ်ခင်မြဝင်း (လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ ထွေ-အုပ်)တို့၏ မိခင်ကြီးသည် ၉-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်ဂျင်နီယာဌာန ဝန်ထမ်းမိသားစုများ**
**ကုန်းလမ်းပို့ဆောင်ရေး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြင့်မြင့်စန်း (၆၁)နှစ်
**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**
**ဌာနကြီးမှူး(စီမံ)(ငြိမ်း)**

ဦးတင်အုန်း [ဌာနကြီးမှူး (အုပ်ချုပ်/ထောက်ပံ့) ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)]၏ဇနီး ဒေါ်မြင့်မြင့်စန်း [ဌာနကြီးမှူး၊ စီမံ-ငြိမ်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)] အသက်(၆၁)နှစ်သည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခေတ္တပါမောက္ခချုပ်**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နှင့်**
**ဝန်ထမ်းမိသားစုများ**

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးကံကြီးမောင်(ကမာရွတ်)
## အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၁၂/ခ)၊ မင်းစေတီလမ်းသွယ်၊ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးထွန်းမြင့်-ဒေါ်စောသင်)တို့၏သား၊ (ဦးကျင်ဟုတ်-ဒေါ်အကင်း)တို့၏သားသမက်၊ ဦးရွှေလေး-(ဒေါ်တင်လှ)၊ (ဦးသန်းကြွယ်-ဒေါ်မြစိန်)တို့၏မောင်၊ ဦးညိုဝင်း-ဒေါ်မြင့်မြင့်ငွေ၊ (ဦးကြည်မြင့်)-ဒေါ်မြင့်မြင့်အေး၊ ဦးတင်ထွန်းဝင်း-ဒေါ်ရွှေဝါအောင်တို့၏အစ်ကို၊ ဒေါ်ခင်အုန်းမြင့်၏ခင်ပွန်း၊ မသွဲ့သွဲ့မွန် (အာရှသား International Co., Ltd.)၊ ကိုဇော်မိုး-မချိုချိုလွင်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်မင်းခန့်ဉာဏ်မိုး၏အဘိုးသည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## မိုဟာမက်အီဗရာဟင်(ခ)
## ဦးလှဝင်း(ကိုဘာဘူ) (၅၆)နှစ်
**ကားအကျိုးဆောင်**

ရန်ကုန်မြို့၊ အမှတ် (၆၀/၆၂)၊ (၅၂) လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ (ဦးခင်မောင်ဝင်း-ဒေါ်ရင်မေ)တို့၏ တတိယသား၊ (ဦးဘဝင်း-ဒေါ်အမာ)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ဝင်း(ခ)ဘီလကစ်ဘီ၏ ခင်ပွန်း၊ ကိုထွန်းဝင်း(ခ) ရာကွတ်ဆိုင်(ကားအကျိုးဆောင်)-မခင်မြင့်မြင့်၊ ကိုအောင်ဝင်း(ခေတ္တ-ဂျာမနီ)၊ မစန်းစန်းဝင်း-ကိုလှထွန်း(ပုဇွန်တောင်ဈေး)၊ မနီနီဝင်း-ဦးအေးမောင်(metro)၊ ကိုဇော်ဝင်း-မနုနုခင်၊ ကိုသက်ထွန်း-မရီရီချို(ခေတ္တ-မလေးရှား)၊ ကိုမြဝင်း (စလင်းဘိုင်) (ကားအကျိုးဆောင်)-မစန္ဒာချို၊ ကိုမျိုးဝင်း(ရေနံ)-မသင်းသင်းထွေး၊ ကိုမင်းဇော်ဝင်း (ကားအကျိုးဆောင်)၊ တူ/တူမ ၂၁ ယောက်တို့၏ ဦးလေးသည် ၉-၃-၂၀၁၃ရက် နံနက် ၂း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ဇိုဟိုရ်အပြီးတွင် ရေဝေးဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။ကျန်ရစ်သူမိသားစု

## အာနိစ္စ

## ဦးကြည်အုန်း(အင်ပူ)
## အသက်(၉၄)နှစ်
**ကျောင်းအုပ်ကြီး(ငြိမ်း)**
**အမက၊မြို့မ(မြောက်)အင်ပူမြို့**
**သက်ကြီးကန်တော့ခံ၊အင်ပူမြို့နယ်**
**အသင်း(ရန်ကုန်)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်ပူမြို့နယ်နေ (ဦးလှကြီး-ဒေါ်ဖွားရင်)တို့၏သား၊ (ဒေါက်တာဂွန်-ဒေါ်လှလှ)-ဒေါ်အေးကြည်တို့၏ သားသမက်၊ (ဒေါ်ဘက်တီ)၏ခင်ပွန်း၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ ဘ၀မြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၁၇)၊ အခန်း(၄၁)နေ (ဦးသိန်းရွှေ)-ဒေါ်ခင်ဝင်းတို့၏ ဖခင်ကြီး၊ ကိုထွဋ်ခိုင်-မသီတာနွယ် (အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)၊ ကိုရန်နိုင်ရွှေ-မဇင်မာဦး၊ ကိုကောင်းမြတ်-မမေသွယ်လင်း၊ ကိုသုမောင်မောင်(EAC)-မမေအေးဝင်း (EAC)တို့၏ အဘိုး၊ မဖူးသွယ်ကို၊ မောင်ကောင်းဆက်လင်း၊ မသုသု ဟန်သာတို့၏ ဘိုးဘိုးကြီးသည် ၉-၃-၂၀၁၃ (စနေနေ့) နံနက် ၉း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃း၄၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်စိန် (၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ အမှတ်(၃၆)၊ ပန်းတနော်လမ်းနေ (ဦးထွန်းရွှေ-ဒေါ်ထားခင်)တို့၏သမီးကြီး၊ ဒေါ်သန်းမြင့်၊ (ဦးမျိုးမြင့်)တို့၏အစ်မ၊ အမှတ်(၁၁၁၇/B)၊ ရွှေနှင်းဆီ(၅)လမ်းနေ (ဦးသောင်း)-ဒေါ်သန်းလှ(အထက-၂၊ စမ်းချောင်း-ငြိမ်း)တို့၏အစ်မ၊ ဗိုလ်ကြီးကျော်ကျော်လင်း၊ ဒေါက်တာဒေါ်ခိုင်မျိုးမျိုးစု (ရုက္ခဗေဒဌာန၊ ပြည်တက္ကသိုလ်)တို့၏ကြီးကြီး၊ မအိမ့်နန္ဒီကျော်၏ ဘွားဘွားကြီးသည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃(စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရွှေနှင်းဆီလမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင် (၆၃)နှစ်
**(ကြည့်မြင်တိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကွမ်းရွံတန်းလမ်း၊ အမှတ်(၁၁)နေ (ဦးစံဖြိုး-ဒေါ်ခင်စိန်)တို့၏သား၊ (ဦးမောင်မောင်-ဒေါ်အုန်းချစ်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ (မခင်စိုးစိုးအောင်)၊ မအေးအေးအောင် (Golden Tha Zin)၊ မောင်ကျော်ဇောအောင်(မြန်မာ့စက်မှုဆိပ်ကမ်း)-မအိအိငွေးတို့၏မွေးသဖခင်၊ မယွန်းယမုံကျော်ဇော၏ အဘိုးသည် ၉-၃-၂၀၁၃(စနေနေ့) နံနက် ဝဝး၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ကိုသိန်းအောင်(ခ)ကိုလတ်(ခ)
## ရာမန် (၅၄)နှစ်
**Tee to Green Golf Accessories**
**(ပြင်ဦးလွင်)**

ပြင်ဦးလွင်မြို့နေ (ဦးအာမက်) (Arakan Sport House)(ပြင်ဦးလွင်)-(ဒေါ်ခင်စိန်)တို့၏ သား၊ ရန်ကုန်မြို့နေ [ဦးအောင်ကြီး(ကထိက၊ စိတ်ပညာဌာန-ငြိမ်း)]- ဒေါ်ခင်တီတို့၏ သားသမက်၊ (ဦးမောင်မောင်လေး)- ဒေါ်လှထွေး၊ (ဦးသန်းမြင့်)-ဒေါ်မြကြည်(မြင်သာပုံနှိပ်တိုက်)၊ ဦးစံသိန်း-ဒေါ်ခင်ရီ၊ ဒေါ်ခင်စီ၊ ဒေါ်ခင်သိန်းတို့၏တူ၊ ဒေါ်မြင့်မြင့်အောင်၏ခင်ပွန်း ကိုသိန်းအောင်(ခ)ကိုလတ်(ခ) ရာမန်သည် ၇-၃-၂၀၁၃(ကြာသပတေးနေ့) ည ၁၁နာရီတွင် သုခကမ္ဘာဆေးခန်း၌အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၈-၃-၂၀၁၃ (သောကြာနေ့) ဇွန်မာနမာဇ်အပြီးတွင် ရေဝေးစွန်နီကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီး ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်း(မင်းကင်း)
## အသက် (၉၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်၊ ပြည်တော်သာ(၉)လမ်း၊ အမှတ်(၁၄)နေ (ဦးစိန်-ဒေါ်ရှန်)တို့၏သမီး၊ (ဦးစိန်မင်း)၏ဇနီး၊ (ဒေါ်သန်းသန်း)၏ညီမ၊ (ဦးထိန်မြင့်)-ဒေါ်သိန်းမြိုင်၊ (ဦးတင်ထွန်း-ဒေါ်ခင်စန်းဝင်း)မုံရွာတို့၏အစ်မ၊ ဗိုလ်ကြီးဝင်းကြူ(ငြိမ်း)-ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်မြဝင်း(ငြိမ်း) [အမှတ်(၁)တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ]၊ အရှင်ဉာဏိဿရ (စွန်းလွန်းဂူကျောင်း၊ ကမ္ဘာအေး)၊ (ဦးဇော်ထွန်း)၊ ဒေါ်လင်းလင်းခိုင် (ပါမောက္ခဌာနမှူး၊ သူနာပြုတက္ကသိုလ်၊ မန္တလေး)၊ ဒေါ်တင်တင်မော်(လ/ထမန်နေဂျာ၊ မစဘ၊ တောင်ငူ)၊ ဒေါ်ယဉ်ယဉ်နု(အထက ၂၊ မင်္ဂလာဒုံ)၊ မောင်သန်းထိုက်၊ ဗိုလ်ကြီးဒေါ်ဝင်းဝင်းစိန်(ငြိမ်း)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ ဒေါက်တာအေးအေးဟန်(လ/ထဆရာဝန်၊ အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ)၊ ဒေါက်တာမြင့်မြင့်လှိုင်(အထက်မင်းလှပြည်သူ့ဆေးရုံ)၊ မာမာခိုင်တို့၏အဘွား ဒေါ်သောင်းသည် ၁၀-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃(စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်မေ(စိန်ဖေပရိဘောဂ) (၈၇)နှစ်
**(ဒလ-သပြေကုန်း)**

ရန်ကုန်တိုင်းဒေသကြီး၊ဒလမြို့နယ်၊သပြေကုန်းရွာနေ (ဦးနု-ဒေါ်အေးမိ)တို့၏ သမီးချွေးမ၊ (ဦးဘိုးမျှင်-ဒေါ်သင်းကြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၄၈၀)၊ အောက်ပုဇွန်တောင်လမ်းနေ (ဦးစိန်ဖေ)၏ ဇနီး၊ (ဦးချစ်လှိုင်)-ဒေါ်လှကျင်တို့၏ အစ်မ၊ ဦးလှကြည်-ဒေါ်စမ်းစမ်းဝင်း(စိန်ဖေပရိဘောဂ)၊ ဦးသန်းထွန်း-ဒေါ်အေးမြင့် (ရွှေပင်ငွေပင် ဦးသန်းထွန်းပရိဘောဂ)၊ ဦးမြင့်သန်း-ဒေါ်ခင်မမ (ကိုဖိုးထောင် အောက်ဆီဂျင်ဓာတ်ငွေ့ရောင်းဝယ်ရေး)တို့၏မိခင်၊ (ကိုအောင်သူဟန်)၊ မမျိုးမျိုးစမ်း (B.E, Mech:)၊မအိသွယ်ဟန်(B.A, Myanmar)၊ ကိုအောင်နိုင်ထွန်း-မမေဇင်ထွန်း (အောင်ကြီးကားပစ္စည်းရောင်းဝယ်ရေး)၊ မရွှေစင်ထွန်း၊ ကိုဇေယျ-မနှင်းနွယ်ဝင်း (ရတနာသီရိအကျိုးဆောင်)၊ မောင်ကိုကိုယု(2/E)-မဇေရယ်ညီညီ၊ မောင်ဟန်ကိုဇော်(2/O)၊ ဒေါက်တာဖြိုးဇော်အောင်(ဇေယျာဖြိုးသွားနှင့်ခံတွင်းဆေးခန်း)တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၇-၃-၂၀၁၃ (ကြာသပတေးနေ့) ည ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှသိန်း(ခ)စန္ဒရားကိုကျည်းတန်
## အသက် (၇၈)နှစ်

(ဦးဘမောင်-ဒေါ်ကျင်စိန်)တို့၏သား၊ (ဦးကိုကြီး-ဒေါ်တင်ရီ)၊ (ဦးလှမြင့်-ဒေါ်အုံးကြည်)တို့၏မောင်၊ ဦးစံထွန်း-ဒေါ်သန်းသန်းဝင်း၊ (ဦးမောင်လွင်)-ဒေါ်မြမြစိန်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ အမှတ်(၆၀)နေ ဒေါ်အေးမြင့်၏ခင်ပွန်း၊ ဒေါ်နီလာဝင်း၊ ဒေါ်သဇင်အေး၊ Dr.ထူးဇော်လင်း(ဆရာထူး)တို့၏ဖခင်သည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့)နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃(စနေနေ့) နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးညိုလင်းအောင်
## အသက် (၄၆)နှစ်

(ဦးညိုလှ)-ဒေါ်ခင်စန်းမြင့်တို့၏ သား၊ (ဦးလှရွှေ)-ဒေါ်ခင်ဝင်းမေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အထက်ဗဟိုလမ်း၊ အမှတ်(၃၂/စီ)နေ ဒေါ်ချောမမ၏ခင်ပွန်းသည် ၉-၃-၂၀၁၃(စနေနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၃၂/စီ)၊ အထက်ဗဟိုလမ်း၊ ခဝဲခြံ၊ (၂)ရပ်ကွက်နေအိမ်မှ ကားများထွက်ပါမည်။] [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၃-၂၀၁၃(သောကြာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်စန်း (၆၁)နှစ်
**ဌာနကြီးမှူး(စီမံ)(ငြိမ်း)**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေတဝန်လမ်း၊ တိုက်အမှတ်(၄-အေ)၊ (ပ)ထပ်နေ (ဦးလှကျော်)-ဒေါ်သန်းခင်တို့၏ သမီးကြီး၊ မအူပင်မြို့နေ (ဦးသာမောင်-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဒေါ်လှကြည်၊ ဒေါ်အုန်းကြည်(ဒဂုံ-၁၊ ငြိမ်း)တို့၏တူမ၊ ဦးမြင့်အောင်-ဒေါ်ခင်ခင်ဝင်း၊ ဦးဇေယျာဦး-ဒေါ်နွဲ့နွဲ့မူ(ထ-၁၊ အင်းစိန်၊ ငြိမ်း)၊ ဒေါ်စန်းစန်းနွယ် (ထွေ/အုပ်၊ နေပြည်တော်)တို့၏ အစ်မကြီး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နေ ဦးတင်အုန်း(ဌာနကြီးမှူး၊ အုပ်ချုပ်/ထောက်ပံ့)၏ဇနီး၊ ဦးသန်းဝင်း-ဒေါ်တင်နှစ်တို့၏အစ်မ၊ မောင်တင်ထွန်းဝင်း၊ မောင်လင်းထက်တို့၏မွေးသမိခင်သည် ၁၀-၃-၂၀၁၃ရက် နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃(စနေနေ့)တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မြို့မကျောင်းသား/ကျောင်းသူဟောင်းအသင်း
## ဒေါ်အုန်းကြည် (၇၆)နှစ်
**မြို့မကျောင်းသူဟောင်း**

ရန်ကုန်မြို့နေ (ဦးအေးမောင်-ဒေါ်ထိုက်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၇၃၀)၊ ငွေပုလဲလမ်း၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်နေ [ဦးမြဦး (ထောက်ပံ့ရေးအရာရှိ-ငြိမ်း)]၏ဇနီးသည် ၇-၃-၂၀၁၃ရက် ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၃-၂၀၁၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်အေးရီ(ပုလော)
## အသက်(၇၀)
**အသင်းဝင်အမှတ်-၁၂၃၈**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊(၁၃)ရပ်ကွက်၊ သာစည်လမ်း၊ အမှတ်-၂၃/ခ နေ ဦးမြင့်ဆွေ၏ဇနီးသည် ၉-၃-၂၀၁၃(စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အသင်းမှကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဉာဏဝံသ
## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၁)နှစ်
**ရှင်သာမဏေအကျော်၊ ဝိနယဝိသာရဒအကျော်၊ သာသနဓဇဓမ္မာစရိယ၊**
**ဝိနယာဓိကသီရိပဝရဓမ္မာစရိယ၊ သာသနဓဇသီရိပဝရဓမ္မာစရိယ၊**
**ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက၊ ဒီဃနိကာယဘာဏကဂမ္ဘီရဉာဏ၊**
**ဗုဒ္ဓသာသနဒီဃနိကာယကောဝိဒ၊**
**ရွှေကျင်ဂိုဏ်းလုံး ဝန်ဆောင်နာယက ဆရာတော်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ ပဏ္ဍိစ္စာရာမပရိယတ္တိကျောင်းတိုက်၏ ရတ္တညူမဟာနာယက၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းတောရမေဒိနီကျောင်းတိုက်၏ နာယကဆရာတော်သည် (၁၃၇၄ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်) ၉-၃-၂၀၁၃ (စနေနေ့) ညနေ ၄း၄၀နာရီတွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ နဘူးကျေးရွာ၊ အောင်သိဒ္ဓိကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (အန္တိမအဂ္ဂိစျာပန ရက်ကို ထပ်မံကြေညာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသာသန
## သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသစ္စာရပ်ကွက်၊ အောင်မင်္ဂလာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသာသနသည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ရက်) ၇-၃-၂၀၁၃ (ကြာသပတေးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၂ရက်) ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိစျာပနပူဇော်မည်ဖြစ်ပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ် ပါသည်။

ရွှေနံ့သာဆရာတော်နှင့်
စျာပနကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ (ကမ္မဋ္ဌာနာစရိယ)
## သိက္ခာတော်(၄၀)၊ သက်တော်(၆၀)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ကိုးမိုင်၊ မစိုးရိမ်ကျောင်းလမ်းရှိ ပင်မဗုဒ္ဓဝါဒီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက (မူလဒွါရဂိုဏ်း တိုင်းသံဃနာယကအဖွဲ့ဝင်) ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မဓဇ သိက္ခာတော်(၄၀)၊ သက်တော်(၆၀)သည် (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်) ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ရက်) ၁၄-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၃ နာရီတွင် အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား သိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) စျာပနကျင်းပရေးကော်မတီ

## ဦးထွန်းရွှေ (၈၅)နှစ်

ရန်ကုန်မြို့၊ အနောက်ရန်ကင်း၊ (၅)ရပ်ကွက်၊ရွှေအုန်းပင်အိမ်ယာ၊ တိုက်(၁၀)၊ အခန်း(၀၂)နေ (ဦးလှတင်-ဒေါ်အုန်းကြည်)တို့၏သား၊ (ဒေါ်ကျော့ကျော့)၏ ခင်ပွန်း၊ ဦးရဲလှ-ဒေါ်အေးအေးမူ၊ ဦးဝင်းမြအောင်(ရဲအုပ်ငြိမ်း)-ဒေါ်မော်မော်၊ ဒေါ်အေးအေးမာ၊ ဦးသန်းတိုးအောင် (ဒုတိယအင်ဂျင်နီယာမှူးကြီး၊ လမ်းအထူးအဖွဲ့-၅၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်မိမိငွေ၊ မောင်တင်လှိုင်-မစန္ဒာထွန်း၊ မောင်အောင်အောင်ထွန်း၊ မောင်မျိုးမင်းထွန်း-မအိအိမွန်တို့၏ဖခင်၊ မြေး ၁၅ယောက်တို့၏အဘိုး ဦးထွန်းရွှေသည် ၁၀-၃-၂၀၁၃ရက် နံနက် ဝဝး၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ရှိန်(နိုင်ကျော်ရှိန်) (၇၁)နှစ်
**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**မြန်မာ့အာမခံလုပ်ငန်း**

ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာနေ ဦးဘိုးမောင်-ဒေါ်အေးစိန်တို့၏သားငယ်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင် (စံပြ)ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၉)နေ ဒေါ်စန်းရီ(ဒေါ်ရီလေး)၏ခင်ပွန်း၊ ဦးကျော်ဆန်းဦး (ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန)-ဒေါ်တင်တင်ဝင်း (မြန်မာ့အာမခံလုပ်ငန်း)၊ (ဦးကျော်ကျော် လတ်)-ဒေါ်ရီရီမြင့်၊ ဦးဝင်းနိုင် (မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)-ဒေါ်ခင်မျိုးကျော်၊ ဦးအောင်ကျော်သက်-ဒေါ်ခင်မိုးကျော်၊ ဦးကျော်ကျော်ထွေး (အင်ဂျင်နီယာ)-ဒေါ်ခင်ဖြူသန်း(အလယ်တန်းပြဆရာမ)၊ ဦးကျော်ဆန်းမင်း-ဒေါ်သီတာဇော်၊ ဦးကျော်သူရထွေး-ဒေါ်ပပဖြိုးတို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၁၃ (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ရီသန်း(လပွတ္တာ) (၅၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ ဒုတိယသီရိရိပ်သာ၊ အမှတ်(၁၆၂/စီ)နေ (ဦးသန်း-ဒေါ်ခင်ကြည်)တို့၏သမီး၊ ပျော်ဘွယ်မြို့နေ (ဦးအောင်ရှိန်-ဒေါ်ငွေကြည်)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးအေးကျော်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ လပွတ္တာမြို့နေ ဦးလှသောင်း-ဒေါ်သိန်းကြည်တို့၏ တူမ၊ ဦးလှမြင့်-ဒေါ်ငြိမ်းငြိမ်း၊ ဦးဝင်းမြင့်-ဒေါ်ခင်အုန်းမြင့်၊ ဦးမြင့်ဆွေ-ဒေါ်ရီရီမြင့်၊ ဦးမြကြီး-ဒေါ်ခင်အေးသန်းတို့၏ ညီမ/အစ်မ၊ မောင်သိန်းဇော်-မအေးငြိမ်းချမ်းယဉ်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မမြင့်မြတ်ဖူးပွင့်၊ မချောသိင်္ဂီကျော်တို့၏အဘွား ဒေါ်တင်ရီသန်း သည် ၁၀-၃-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၃(ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

# မြန်မာ့ဂုဏ်ဆောင် ရေကူးချန်ပီယံ ရွှေတံဆိပ်ဆုရှင်ဟောင်း ဦးနန္ဒကျော်စွာနှင့် တွေ့ဆုံမေးမြန်း



တွေ့ဆုံမေးမြန်း - အောဝမ်းစိုး(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကျင်းပရန် တစ်နေ့တခြား နီးကပ်လာပြီဖြစ်ရာ အားကစားနည်းအလိုက် ပြိုင်ပွဲဝင်ကြမည့် အားကစားသမားများသည်လည်း အားသွန်ခွန်စိုက်လေ့ကျင့်ကြိုးစားနေကြသကဲ့သို့ မြန်မာတစ်မျိုးသားလုံးသည်လည်း လာမည့်အားကစားပြိုင်ပွဲကြီးတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိလိမ့်မည်ဟု မျှော်လင့်စောင့်စားလျက်ရှိကြသည်။ ယခုကဲ့သို့ မြန်မာ့လက်ရွေးစင်အားကစားသမားများနှင့် မြန်မာတစ်မျိုးသားလုံးက မြန်မာနိုင်ငံတွင် ကျင်းပမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအပေါ် အလေးထားအာရုံစိုက်နေကြသည့် အခါသမယတွင် တစ်ခေတ်တစ်ခါက မြန်မာ့အားကစားရွှေရောင်လွှမ်းခဲ့သည့် ကာလ၌ တစ်ထောင့်တစ်နေရာမှ အုတ်တစ်ချပ် သဲတစ်ပွင့်ဖြင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

## ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူမည်

နေပြည်တော် မတ် ၁၀

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်နှုန်းထက် ပို၍မောင်းနှင်သော ယာဉ်များအား သတ်မှတ်ထားသော အမြန်နှုန်းအတွင်း ထိန်းချုပ် မောင်းနှင်စေရေးအတွက် အရှိန်ထိန်းတိုင်းကိရိယာ Redflex Traffic Systems (Myanmar Mobile Traffic Radar System) အသုံးပြုပြီး ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ကြော်ငြာအပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအပိုလေးမျက်နှာ ပါရှိပါသည်။**

# နေစကြဝဠာ၏အကြီးဆုံးမီးတောင် အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိ

ဘာသာပြန်- သတင်းလုလင်

ဝါရှင်တန် မတ် ၁၀

နေစကြဝဠာအတွင်း အကြီးဆုံးသော မီးတောင်တစ်လုံးကို အင်္ဂါဂြိုဟ်ပေါ်တွင် ရှာဖွေတွေ့ရှိရကြောင်း အမေရိကန်အာကာသအေဂျင်စီ (နာဆာ) သိပ္ပံပညာရှင်များက မတ် ၉ ရက်တွင် ပြောကြားကြသည်။

အိုလံပတ်စ်မွန်းစ် (OLympus Mons) ဟု အမည်ပေးထားသော အဆိုပါမီးတောင်သည် အချင်း ကီလိုမီတာ ၅၀၀ ကျော်ရှိပြီး အနီးဝန်းကျင်လွင်ပြင်ဒေသများကို စိုးမိုးထားသော အလွန်ကြီးမားသည့် မီးတောင်တစ်လုံး ဖြစ်သည်။

အမြင့် ၂၅ ကီလိုမီတာ (၁၆ မိုင်) ရှိ အဆိုပါမီးတောင်၏ အရွယ်အစားသည် အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်၏ အရွယ်အစားတမျှရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အင်္ဂါဂြိုဟ်ပေါ်ရှိ ရောမ မီးတောင်ကြီး၏ တောင်စောင်း ဆင်ခြေလျှောများတွင် မီးတောင်ထိပ်ဝများ

စာမျက်နှာ ၇ ကော်လံ ၃ သို့ ❖





# မန္တလေးမြို့တည်နန်းတည်ပိဋကတ်တိုက်၊ သုဓမ္မာဇရပ်နှင့် ပဋ္ဌာန်းမဟာသိမ်တော် ပြန်လည်တည်ဆောက်မည်

မန္တလေး မတ် ၁၀

မင်းတုန်းမင်းတရားကြီးက သတ္တခုနစ်ဌာနဖြင့် ရတနာပုံမန္တလေးမြို့တော်ကို တည်ဆောက်ခဲ့ရာ သတ္တခုနစ်ဌာနအနက် ဒုတိယကမ္ဘာစစ်အတွင်းက ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်၊ ပဋ္ဌာန်းမဟာရွှေသိမ်တော်တို့မှာ ပျက်စီးခဲ့သဖြင့် အလှူရှင်မိသားစုက ကျပ်သိန်း ၁၅၀၀၀ လှူဒါန်းမှုဖြင့် သီတဂူမြန်မာမူဗိသုကာအဖွဲ့မှ တည်ဆောက်မည်ဖြစ်သည်။ မင်းတုန်းမင်းကြီးသည် မန္တလေးမြို့တည်နန်းတည်စဉ်က မြို့ရိုးတော်၊ ကျုံးတော်၊ ကုသိုလ်တော်စေတီ၊ အတုမရှိကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်နှင့် ပဋ္ဌာန်းမဟာရွှေသိမ်တော်တို့ကို တစ်ပြိုင်နက်တည်း အုတ်မြစ်ချတည်ဆောက်ခဲ့ရာ ပျက်စီးသွားသော သုံးဌာနအား ရှေးမူမပျက် တစ်ပြိုင်နက်တည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

## ယနေ့ မာတိကာ


အလားအလာကောင်းများ — စာမျက်နှာ - ၂

ဝေဟင်ပေါ်က ထူးထူးခြားခြား ရှင်လောင်းလှည့်ပွဲ — စာမျက်နှာ - ၁၀

အဆိုတော် Big Bang အဖွဲ့က သက်ကြီးရွယ်အိုနှင့် ကလေးများအား ဆန်နှင့် စားစရာများလှူဒါန်း — စာမျက်နှာ - ၁၂

အီတီယိုပီးယားနိုင်ငံမှ ... 




ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ဦးဆောင်မှု၊
မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၏ ကြီးကြပ်မှုတို့ဖြင့် ဆောက်ဖော်ပြီး
ဟိုတယ်စည့်ဝန်ဆောင်မှု သင်တန်းများအား Star Resources
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာနတွင် ဖွင့်လှစ်သွားပါမည်-

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
| --- | --- | --- |
| ၁။ | ဧည့်ကြိုကြူလှမ်းဆိုင်ရာသင်တန်း (အဆင့် ၁) | ... |
| ၂။ | အိပ်ခန်းဆောင်ဆိုင်ရာဝန်ဆောင်မှုသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၃။ | အစားအသောက်နှင့်အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၄။ | အစားအသောက်နှင့်အဖျော်ယမကာ ... (အဆင့် ၁) | တက္ကသိုလ်ဝင်တန်း |
| ၅။ | နိုင်ငံတကာလူမှုဆက်ဆံရေး သင်တန်း (အဆင့် ၁) | ... |
| ၆။ | ဟိုတယ်စီမံခန့်ခွဲမှု ... သင်တန်း (... ) | ... |

သင်တန်းကာလ – ( ၂၃.၃.၂၀၁၃ ) မှ ( ၂၅.၅.၂၀၁၃ ) ရက် အထိ။

Star Resources ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန



လက်ခတ်သုံ Travels & Tours
- ပန်ကောက်–စင်ကာပူ–မလေးရှား(၉)ရက် Mar 23,Apr
- ပန်ကောက် (၆)ရက် Mar 23,25,Apr11,13
- ဖူးခက်–ပန်ကောက်(၆)ရက် Mar 23,25,Apr13
- စင်ကာပူ–မလေးရှား(၇)ရက် Mar 23,Apr12,13
- ဘာလီကျွန်း(၆)ရက် Apr13
- ဂျပန်(၉)ရက် Apr13
- ကိုရီးယား(ဂ)ရက် Apr13

01-542674,09-420176621
09-428326092,09-421077810
P.T.C.L Group

Shwe Kaung San Travels & Tours
(April 11/12/13)

လေယာဉ်ပျံလက်မှတ် ကိုလံဘတ်(စ်)
Happy 2013 Promotion
ယခုမှစ၍ မတ်လ(၃၁)ရက်နေ့ထိဝယ်ယူနိုင်ပါပြီ။
ရန်ကုန်-ဘန်ကောက် (အသွားအပြန်) US$ 131++
- ဟောင်ကောင် US$ 296++
- ကိုရီးယား US$ 428++
- ဂျပန် US$ 540++
Columbus TRAVELS & TOURS 229245, 216245, 378535, 378549
columbuspromotion@gmail.com
Columbus Travels (SAKURA) ရုံးခွဲပြောင်းရွှေ့ခြင်း
အမှတ် ၆၃/၇၁ ဆူးလေဘုရားလမ်း AGD Bank အေား ကျောက်တံတားမြို့နယ်
Ph: 378535, 378549, columbus02@baganmail.net.mm



101 ဆံပင်ပေါက်ဆေး ခေါင်းလျှော်ရည် ဂတ်ခြံပျောက်ဆေး

| | | | | | |
| --- | --- | --- | --- | --- | --- |
| ဒဂုံ | (Grand) | 293590 | | (Linly) | 557724 |
| | (Lamin) | 73019964 | | (Zeta) | 73124502 |
| | (LaMin) | 425285372 | | | 5406380 |
| | (Narumi) | 525330 | | (Orchid City) | 500497 |

City Mart & Super Market

(၉)ရက်အတွင်း ဆံပင်ကျွတ် သက်သာသွားမည်။
101 Shampoo "အစိမ်း" ဖြင့် ခေါင်းလျှော်ပါ။
101 ဆံပင်ပေါက်ဆေး "အဝါ" နေ့စဉ် (၁) ကြိမ်သုံးပါ။

(၉)ရက်အတွင်း ဗောက် လုံးဝပျောက်သွားမည်။
101 Shampoo "အပြာ" ဖြင့် ခေါင်းလျှော်ပါ။
101 ဆံပင်ပေါက်ဆေး "အဝါ" နေ့စဉ် (၁) ကြိမ်သုံးပါ။

(၉)ရက်အတွင်း ဂတ်ခြံ လုံးဝပျောက်သွားမည်။
101-E ဂတ်ခြံပျောက်ဆေးကို နေ့စဉ်(၃)ကြိမ်သုံးပါ။

(ပုံ–၂) အတိုင်းမဖြစ်အောင် 101 နှင့်အမြန်ဆုံးဆက်သွယ်ပြီးသင့်ဆံပင်ကိုကာကွယ်ပါ။



| | | | |
| --- | --- | --- | --- |
| ရန်ကုန် | (လသာ) | လမ်း ၂၀၊ ၁၁၅။ | 01-251230 |
| ရန်ကုန် | (စမ်းချောင်း) | | 01-2304550 |
| မန္တလေး | | | 02-62253 |
| နေပြည်တော် | | | 067-417500 |



Pizza ကြိုက်နှစ်သက်သော Customer များအတွက်
အထူးဝန်ဆောင်မှုအနေနဲ့ 'အိမ်အရောက် ပို့စနစ်' စတင်နေပါပြီ။
Pizza Mazzi®
HOME DELIVERY
ဆိုင်ဖွင့်ချိန် – 9:00 a.m to 9:00 p.m
Room D-18, North Point Shopping Centre, Mayangone Township, Yangon. Ph : 01-652959-60, 61, 62, 63 (Ext : 131) 09 450026717



CONTACT MOBILE PHONE training group
Professional Android(OS) & Apple(iOS) Mobile Software Technician Course
Professional Mobile Hardware Technician Course 30-3-2013
10-3-2013 to 21-3-2013
သင်တန်းသား/သူ စတင်လက်ခံနေပါပြီ
SOFTWARE 15% OFF HARDWARE 15% OFF
Contact Mobile Training Centre
No.131, 4th Floor, 40th Street(lower Block), Kyauktada Township, Yangon.
Hotline: 09-73020687.
Time Table
SOFTWARE (Thu,Fri,Sat) 7am-9am 12pm-1pm 3pm-5pm 5pm-7pm
HARDWARE (Mon,Tue,Wed) 7pm-9pm (Thu,Fri,Sat) 7pm-9pm



SITES since1985
မဟာသုခ
အတတ်သင်ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် တန်းမြင့်ဘော်ဒါ



Ph.D, M.A, M.Sc, M.Ed, B.Ed, UFL ဘွဲ့ရ
09-450030091
09-420136388


## မိဘမဲ့ကလေးများနှင့်ရှင်သာမဏေများအားလှူဒါန်းပွဲ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ပုပ္ပါးကျောင်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တပဏ္ဍိစ္စ၏ (၇၇)နှစ်ပြည့် အလှူပွဲကြီးကို (၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်) ၂၂-၃-၂၀၁၃ရက်(သောကြာနေ့)တွင် ရွှေဂုံတိုင်ကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ မင်္ဂလာဒုံရွှေနံ့သာကလေးပြုစုရေးမှ မိဘမဲ့ကလေးများ၊ ထောက်ကြန့် အမျိုးသမီးသင်တန်းကျောင်းမှ မိဘမဲ့ကလေး(၂၀၀)ကျော်တို့အား ထမင်းနှင့်အဝတ်အထည်များလှူဒါန်း၍ တပေါင်းလဆန်း ၁၂ရက် ၂၃-၃-၂၀၁၃ရက်(စနေနေ့) နံနက် ၉နာရီတွင် ရှင်သာမဏေ (၁၂၀)ပါးတို့အား ဆွမ်းနှင့် သင်္ကန်းစသည့် လှူဒါန်းပွဲသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူပွဲကြီးတွင် ရှင်သာမဏေများနှင့်ကလေးများကို မိမိပစ္စည်းများဖြင့် လာရောက် လှူဒါန်းနိုင်ပါသည်။ ရှင်သာမဏေတစ်ပါးလျှင် (၅၀၀၀)ကျပ်ဖြင့် ဖုန်း-၆၀၀၀၂၈၊ နှင့် ၀၉-၄၂၁၀၇၄၂၄၄၊ ၀၉-၄၂၅၀၂၅၈၆၈ နှင့် ကိုရဲညွန့် အမှတ်(၂၁) ရွှေတောင်တန်း အောက်ဘလောက် ဖုန်း-၂၂၈၇၀၈၊ ၂၂၆၂၈၅သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။**

## သင့်ကျန်းမာရေး အခမဲ့ဆွေးနွေး

မလေးရှားနိုင်ငံရှိဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် ရန်ကုန်မြို့၌ ၂၀၁၃ခုနှစ်၊ မတ်လ ၁၅ရက်နှင့်မန္တလေးမြို့၌ မတ်လ ၁၈ရက်များတွင် လာရောက်၍ ကျန်းမာရေးဟောပြောပွဲနှင့်အတူ ရင်သားကင်ဆာအထူးကုနှင့်အရိုး၊ အဆစ် အစားထိုးခွဲစိတ်အထူးကုတို့မှ အခမဲ့ဆွေးနွေးပေးမည်ဖြစ်သဖြင့် လူနာဟောင်း၊ လူနာသစ်များသည် **Medical Business International ကုမ္ပဏီ၊ အမှတ်-၃၃၄/၃၄၄၊ အနော်ရထာလမ်း၊ ပုဂံအိမ်ရာ၊ လမ်းမတော်(၁)လမ်းထိပ်၊ လမ်းမတော်မြို့နယ် ဖုန်း-၀၁-၂၂၇၀၀၂၊ ၂၂၇၇၂၄၊ ၂၂၇၃၈၇၊ ၂၂၇၆၉၇၊ ၀၉-၄၀၁၆၂၃၁၀၆ နှင့် ၀၉-၅၁၉၀၃၇၃**တို့သို့ မတ်လ ၁၃ရက် နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ပါသည်။ လူဦးရေကန့်သတ်ထားပါသည်။

***** ထိုရက်များအတွင်း ယင်းဆေးရုံကြီး၌ Medical Check-up Package အတွက် Buy One..... Get One Free အစီအစဉ်ရှိပါသည်။**


သစ်မွှေးစိုက်ခင်းဆိုင်ရာ
သစ်မွှေးဆိုင်ရာ ပထမ ယူနီဖာစ်တာ စတောပါ။
၁။ အမှတ်-ဖိဝ(A-1)...
၂။ အမှတ်(H-3)...
၃။ ...
01-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

